မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၃)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ် လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ တန်ဆောင်တိုင်ပွဲတော်များသို့ ဘုရားဖူးလာပြည်သူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းတည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

ဆောင်းပါး

**ညွှန်းစံပြရိုး အမျိုးသားဂုဏ်အင် မွမ်းမံဆတိုး အကျိုးတရားစုံလင်** (စာ - ၁၂ သို့)

**ရှုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံညောင်ဦးရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်** (စာ - ၆ သို့)




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်)

## မြန်မာ့တိုင်းရင်းဆေးကဏ္ဍမြင့်မားတိုးတက်ရေး

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံတော်အဆင့် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါ (၂၃)ကြိမ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ တိုင်းရင်းဆေးသမားတော်ကြီးများ၏ စည်းလုံးညီညွတ်စွာပူးပေါင်းပါဝင်မှုတို့ကြောင့် နှစ်စဉ် ကျင်းပနိုင်ခြင်းဖြစ်သည်။ ယခုကျင်းပမည့်(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်ရည်ရွယ်ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံ၏ ရေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သောရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်အား အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ကျင်းပမည့်ညီလာခံနှင့်နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့်စာတမ်းများသည် ရေးဘိုးစဉ်ဘောင်ဆက်တိုင်းရင်းသားများ၏ရိုးရာဆေးဝါးများ၊ ကုထုံးများ၊ လက်တွေ့တိုင်းရင်းသားများအသုံးပြုနေသည့်ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန်လိုအပ်သည်။ ထို့ပြင် နိုင်ငံတကာသုံးတိုင်းရင်းဆေးဝါးများနှင့်လည်းနှိုင်းယှဉ်၍ အားသာချက်၊အားနည်းချက်များကိုပြုစုကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုဝင်ဘာလ ၄ ရက်ကကျင်းပသည့်(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် **“နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်အစရှိသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးများအရည်အသွေးပြည့်ဝစွာဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့်အာနိသင်ထက်မြက်သည့် ဆေးဝါးများ စသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏အနှစ်သာရအဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တောတောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင်ထည့်သွင်းအသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကိုစောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေး စသည့်အန္တရာယ်များကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက်စွမ်းစွမ်းတမံစောင့်ရှောက်ပေးကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အားထားယုံကြည်စွာ လက်ဆင့်ကမ်းသုံးစွဲခဲ့ကြသည့် ဆေးပညာလည်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာအသက်ရှည်ခဲ့ကြ၍ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ သမိုင်းကြောင်းခိုင်မာသည့် မြန်မာ့တိုင်းရင်းဆေးပညာကို မြန်မာတို့မြတ်မြတ်နိုးနိုးတန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက်တိုင်းရင်းဆေးဝါးများကိုအသုံးပြု၍ ပြည်သူလူထု၏ကျန်းမာရေးကိုစောင့်ရှောက်ပေးခဲ့ကြသည်။ ရှေးကနန်းတွင်းသမားတော်ကြီးအပါအဝင် သမားတော်ကြီးများ အစဉ်အဆက်ထိန်းသိမ်းကာ လက်ဆင့်ကမ်းပေးခဲ့သော မြန်မာ့တိုင်းရင်းဆေးများကို မျိုးဆက်သစ်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာတို့၏ရိုးရာအမွေဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယခုကဲ့သို့ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲများကိုစီစဉ်လုပ်ဆောင်ခြင်းမှာ လွန်စွာသင့်မြတ်မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည်။

မြန်မာနိုင်ငံ၏မျှော်မှန်းလူ့သက်တမ်း ပိုမိုမြင့်မားရေး၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးနှင့် လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်လာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းရာတွင် တိုင်းရင်းဆေးသမားတော်များနှင့်တိုင်းရင်းဆေးလုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍမှတစ်တပ်တစ်အား ပါဝင်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်အသက်ရှည်နေနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးကဏ္ဍကို ပိုမိုမြင့်မားအောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၇-၁၁-၂၀၂၄(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| ၃။ ၁၃:၃၀ | Music Crazy | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ အခန်းပေါင်း ၂၅၀၀ ကျော် ငှားရမ်းနေထိုင်ခွင့်ပြုပေးထား



ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ အခန်းပေါင်း ၂၅၀၀ ကျော်ကို ငှားရမ်းနေထိုင်ခွင့်ပြုပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဝင်ငွေနည်းပြီး နေထိုင်ရေးအခက်အခဲရှိသူများအတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၌ ပြည်သူ့အငှားအိမ်ရာများကို အခန်းပေါင်း ၁၀၀၀၀ ဆောက်လုပ်ခဲ့ကာ ယင်းစီမံကိန်းအရ သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ တိုက် ၁၉၄ လုံး အခန်းပေါင်း ၃၁၀၄ ခန်း ပါဝင်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများ၊ အငြိမ်းစားယူရန်နီးကပ်နေသည့်ဝန်ထမ်းများ၊ ဝင်ငွေနည်းကုမ္ပဏီဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်ကာ နေအိမ်တိုက်ခန်းများအား တည်ဆောက်ပေးနေခြင်းဖြစ်သည်။

သုခဒဂုံပြည်သူ့အငှားအိမ်ရာကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်ကျေးရွာအနီး အမှတ်(၇) လမ်းမကြီးပေါ်ရှိ မြေဧရိယာ ၁၇၁ ဧက၌ တည်ဆောက်နေခြင်းဖြစ်ကာ တည်ဆောက်ပြီးစီးမှုအလိုက် အခန်းများအား နေရာချထားပေးခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ်၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်နှင့် အောက်တိုဘာလတွင် တတိယအကြိမ်အဖြစ် အခန်းပေါင်း ၂၅၀၀ ကျော်ကို ငှားရမ်းနေထိုင်ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းအိမ်ရာစီမံကိန်း စတင်စဉ်ကပင် ကွန်ကရစ်လမ်းများ၊ ရေမြောင်းများ၊ လျှပ်စစ်မီးများ၊ ဈေးနှင့်အိမ်ရာသန့်ရှင်းသာယာရေး စသည်ဖြင့်ကဏ္ဍအလိုက် ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အိမ်ရာနေပြည်သူများ သွားလာမှုအဆင်ပြေစေရန် YBS ယာဉ်လိုင်းများဖြစ်သည့် YBS–၇၊YBS – ၈၊ YBS – ၉၇ နှင့် YBS – ၁၁၈ တို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအိမ်ရာတွင် တည်ဆောက်ဆဲ တိုက် ၂၈ လုံး အခန်းပေါင်း ၅၀၀ ကျော် တည်ဆောက်ပြီးစီးမှုပေါ်မူတည်၍ မကြာမီ ငှားရမ်းနေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် လက်ရှိလျှောက်လွှာတင်ထားသူများနှင့် ယခင်လျှောက်လွှာတင်ပြီး နေထိုင်ခွင့်မရသေးသူများအား အချိုးကျခွဲဝေကာ ငှားရမ်းနေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# ဟိုင်းကြီးကျွန်းမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၁၀၆၆ ဧက လျာထားစိုက်ပျိုးမည်

ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၁၀၆၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၁၀၆၆ ဧကကို နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မတ်ပဲလျာထားချက်ပြည့်မီအောင်စိုက်ပျိုးရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးမှာပါ။ လက်ရှိမှာ မတ်ပဲတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေပြင်ဆင်နေပါတယ်။ ပဲတွေစနစ်တကျစိုက်ပျိုးဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မတ်ပဲအပြင် ဗိုလ်ကိတ်၊ ပဲတီစိမ်းနဲ့ မြေပဲကိုလည်း စိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ဦးဆန်းဝင်းက ပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ထုတ်ချေးပေးထားကြောင်း၊ မတ်ပဲအပါအဝင် ဆောင်းသီးနှံများ ဖျက်ပိုးမကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# မြန်မာ့ရေထွက်ကုန် ပင်လယ်ပုစွန်များ ပြည်တွင်းဈေးကွက်၌ ရောင်းအားကောင်းမွန်လာ

ရန်ကုန် နိုဝင်ဘာ ၁၆

ယခုနှစ် ပင်လယ်ပြင်ငါးဖမ်းရာသီတွင် မြန်မာ့ရေထွက်ကုန် ပင်လယ်ပုစွန်များ ပိုမိုဖမ်းမိကာ ပြည်တွင်းဈေးကွက်၌ ရောင်းအားကောင်းမွန်လာသည့်အပြင် ပြည်ပဈေးကွက်သို့လည်း ပုံမှန်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ယခင်က မြန်မာ့ပုစွန်ကို ပြည်တွင်း၌ ဝယ်လိုအား ၁၀ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ယခုအခါ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း၊ ထိုကဲ့သို့ ပုစွန်ကို ပြည်တွင်းစားသုံးမှု မြင့်တက်လာသော်လည်း ယခုနှစ် ပင်လယ်ပြင်ငါးဖမ်းရာသီတွင် ပုစွန်များ ပိုမိုဖမ်းမိလာခြင်းကြောင့် ပြည်ပတင်ပို့မှုကို ထိခိုက်မှုမရှိကြောင်း သိရသည်။

"အရင်တုန်းက ပြည်တွင်းစားသုံးသူတွေက ပုစွန်ထက် တခြားအသား၊ ငါးတွေ ပိုပြီးစားကြတယ်။ အခုနောက်ပိုင်းမှာ ပုစွန်တွေက အရည်အသွေးလည်းကောင်းပြီး လတ်ဆတ်မှုလည်းရှိတဲ့အတွက် ပြည်တွင်းစားသုံးမှု မြင့်တက်လာတယ်။ ပြည်တွင်းစားသုံးမှု မြင့်တက်လာတဲ့အတွက် ရောင်းအားလည်းကောင်းမွန်လာတယ်။ ပြည်တွင်းမှာ ပုစွန်စားသုံးမှုက ပိုပြီးမြင့်တက်လာနိုင်တယ်" ဟု မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

ပုစွန်ကို ပြည်ပသို့တင်ပို့ရာတွင်လည်း ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့လျက်ရှိပြီး ကုန်ကြမ်းအဖြစ်တင်ပို့သောပုစွန်များကို အဓိကအားဖြင့် တရုတ်၊ ဂျပန်၊ ဩစတြေးလျ၊ ထိုင်း၊ မလေးရှား၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်မှ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများကို နှစ်အလိုက်သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဧပြီလမှ ဇွန်လအထိ ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ဇူလိုင်လ ၁ ရက်မှစ၍ ယခုနှစ် ပင်လယ်ပြင်ငါးဖမ်းရာသီပြန်လည်စတင်သောအခါ ငါးဖမ်းစက်လှေအများစုသည် ပုစွန်ကို အဓိကထားဖမ်းဆီးကြပြီး ငါးအဝယ်ဒိုင်များနှင့် အအေးခန်းစက်ရုံများမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်




မန္တလေး နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည့် အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

၎င်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပထမဆုရရှိအောင်ကြိုးစားဆောင်ရွက်ခဲ့မှုအပေါ် ဂုဏ်ပြုစကားများပြောကြားခဲ့ပြီး အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြိုးစားခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမရရွှေပြည်ရက်ကန်းအဖွဲ့မှ အသင်းအုပ်ချုပ်သူတို့က ပထမဆုရရှိခဲ့သည့် ဆုဖလားအား ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အမရရွှေပြည်ရက်ကန်းအဖွဲ့အား ဂုဏ်ပြုငွေကျပ် ၁၁ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဉာဏ)

## နေရာကွက်ကျား မိုးရွာနိုင်

၁၇-၁၁-၂၀၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ (မိုး/ဇလ)

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၆-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| ပြင်ဦးလွင်မြို့ | ၆.၂ | ၄၃.၂ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၇.၃ | ၄၅.၁ |
| လွိုင်လင်မြို့ | ၇.၆ | ၄၅.၇ |
| တီးတိန်မြို့ | ၈.၃ | ၄၆.၉ |
| ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့ | ၉.၀ | ၄၈.၂ |
| တောင်ကြီးမြို့ | ၁၀.၁ | ၅၀.၂ |

## VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံ(တ)ကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျောက်ပုံ(တ) ကျေးရွာ၌ အရှည် ၄၅၈ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့် ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။



ကျောက်ပုံ(တ)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်းကိုအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံ ညောင်ဦးရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေစည်းခုံဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပုဂံ-ညောင်ဦးသို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နေပြည်တော် တပ်မတော်လေဆိပ်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကာ အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြခန်းတာဝန်ခံက ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသသည်။ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲအာဇီဇော့ဖ်တို့အား Aureum Palace Hotel တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီးနောက် အဆိုပါဟိုတယ်အတွင်း၌ ပုဂံဒေသထွက်ကုန်ဖြစ်သည့် ပုံးရည်ကြီးထုတ်လုပ်ပုံအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသကာ ပုံးရည်ကြီးများ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ဦးဘငြိမ်း ယွန်းထည်ဆိုင်သို့သွားရောက်ပြီး ယွန်းထည်အဆင့်ဆင့်ပြုလုပ်နေမှုများအား ကြည့်ရှုလေ့လာကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲအာဇီဇော့ဖ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထီးလိုမင်းလိုဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

မှတ်စုတို

# ဟိုပုံးမြို့နှင့် မီးကြာလှည့်ပွဲဓလေ့

မောင်သာ
(ရှေးဟောင်းသုတေသန)



မြန်မာနိုင်ငံအတွင်း ဒြပ်မဲ့ယဉ်ကျေးမှု အများဆုံးရှိသည့် ရှမ်းပြည်နယ်တွင် ဟိုပုံးမြို့နယ်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည်။

ဟိုပုံးမြို့နယ်သည် အင်းလေးကန်၏ အရှေ့ဘက်တောင်တန်းနှင့် နမ့်ပွန်ချောင်း အရှေ့ဘက်ရှိ လွယ်ပတ်(လွယ်မောင်) တောင်တန်းအကြား အနိမ့်ဆုံးအပိုင်း၌ တည်ရှိပြီး မွေတော်ကက္ကူစေတီ၊ ထန့်စန့်လိုဏ်ဂူ၊ ဟိုပုံးရေထွက်တို့ကြောင့် ထင်ရှားလျက်ရှိသည်။

ဟိုပုံးမြို့နယ်သည် ဧရိယာ ၁၂၂၀ ဒသမ ၅၆ စတုရန်းမိုင် ကျယ်ဝန်း၍ တောင်ကြီးမြို့နယ်မှ ၁၂ မိုင်ကွာဝေးကာ တောင်ကြီးမြို့နှင့် ဆီဆိုင်မြို့တို့၏ အရှေ့ဘက်၊ လွိုင်လင်မြို့နှင့် လဲချားမြို့တို့၏ အနောက်ဘက်၊ မိုင်းကိုင်မြို့၏ တောင်ဘက်တွင်တည်ရှိ၍ ဟိုပုံးမြို့၏ ဧရိယာမှာမူ ၂ ဒသမ ၄၈ စတုရန်းမိုင်ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၄၁ ပေမြင့်သည့် ဟိုပုံးမြို့နယ်တွင် ပအိုဝ်း၊ ရှမ်း၊ ကချင်၊ ကယား၊ ကယန်း၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ အင်းသား၊ ဓနု၊ လီဆူနှင့် ပလောင် တိုင်းရင်းသားများနေထိုင်ကြကာ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားက အများဆုံးနေထိုင်ကြသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ပြုစုထားသည့် စာရင်းများအရ ဟိုပုံးမြို့နယ်ရှိ လူဦးရေ ၁၀၄၆၃၀ ဦးတွင် ပအိုဝ်းတိုင်းရင်းသား ၇၂၄၉၄ ဦး နှင့် ရှမ်းတိုင်းရင်းသား ၂၃၅၇၇ ဦးတို့ ပါဝင်သည်။

ဗုဒ္ဓဘာသာဝင် အများစုစဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် ဟိုပုံးမြို့နယ်၌ ဗုဒ္ဓဘာသာနှင့် ဆက်နွှယ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုများထွန်းကားခဲ့ရာ မီးကြာလှည့်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မီးကြာလှည့်ပွဲဟု ထင်ရှားသည့် ပွဲတော်သည် ဗုဒ္ဓဘုရားရှင်အား မီးအလင်းရောင်ဖြင့် ပူဇော်သည့်ပွဲဖြစ်ကာ ရှေးအစဉ်အဆက်ကပင် ဟိုပုံးမြို့ ရပ်ကွက်များအတွင်း ရောင်စုံမီးများဖြင့်လှည့်လည်ကြခြင်းကို မီးကြာလှည့်ပွဲဟု အမည်ပေးခဲ့သည်။ ဖယောင်းတိုင်မီးများကို တုတ်တံတွင်ကြာပန်းများသဖွယ်သီ၍ ထွန်းညှိလှည့်လည်သဖြင့် မီးကြာလှည့်ပွဲဟုခေါ်ဆိုကြသည်။

ဟိုပုံးမီးကြာလှည့်ပွဲကို နှစ်စဉ် နှစ်ကြိမ်ကျင်းပလေ့ရှိရာ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် မြို့လုံးကျွတ်မီးကြာလှည့်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်တွင် ဟိုပုံးမွေတော်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ငါးရက်ကြာကျင်းပလေ့ရှိသည်။ ပအိုဝ်းတိုင်းရင်းသားများ၏ မီးကြာလှည့်ပွဲကို နှစ်စဉ်တပေါင်းလပြည့်တွင် ကျရောက်သည့် ပအိုဝ်းအမျိုးသားနေ့တွင် ကျင်းပလေ့ရှိသည်။

ဟိုပုံးမွေတော်စေတီဟု ထင်ရှားသည့် သီရိမင်္ဂလာ ရွှေချမ်းသာစေတီကို ပုဂံဘုရင်အလောင်းစည်သူက ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ပွားကို ဌာပနာ၍ တည်ထားခဲ့သည်ဟု ယုံကြည်ကြသည်။ မူလစေတီတော်သည် ဉာဏ်တော် ၁၂ တောင်သာရှိခဲ့ပြီး ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်တွင် ဟိုပုံးမြို့စားကြီးခွန်ကြားက မူလစေတီတော်ကိုငုံလျက် ဉာဏ်တော် အတောင် ၈၀ မြင့်သည့် လက်ရှိစေတီတော်ကိုတည်ထားခဲ့သည်။ စေတီတော်ပရိဝုဏ်အဖြစ် စေတီတော်၏ အတောင် ၂၀၀ ပတ်လည်ကို မဟာရံတံတိုင်းကာရံခဲ့သည်။

ခရစ်နှစ် ၁၉၂၃ ခုနှစ်တွင် ဟိုပုံးဒေသမှ ရဟန်းရှင်လူများက ဟိုပုံးနယ်၏ ကောင်းကျိုးနိမိတ်ကို ဆောင်စေခြင်းငှာ သီရိမင်္ဂလာ ရွှေချမ်းသာစေတီတော်ဟု ဘွဲ့တော်အမည်ပေးခဲ့သည်။ စေတီတော်၏ဘုရားပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နှင့် တပေါင်းလပြည့်ကျော် ၆ ရက်တို့တွင် ကျင်းပလေ့ရှိသည်။ ပွဲတော်ကျင်းပသည့် ညများတွင် ဒေသနေ ပအိုဝ်း၊ ဓနု စသည့် တိုင်းရင်းသားများသည် ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ မီးပုံးတွဲများကို ကိုင်ဆောင်လျက် ဟိုပုံးမြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည်သည့်ပွဲသည် ဟိုပုံးမီးကြာလှည့်ပွဲအဖြစ် ကာလရှည်ကြာစွာကပင် ထင်ရှားခဲ့သည်။

အနက်ရောင် အပေါ်အောက် ဝတ်စုံများ ဝတ်ဆင်ထားသည့် ပအိုဝ်းတိုင်းရင်းသူများ၊ ရိုးရာဝတ်စုံများဆင်မြန်းထားသည့် ရှမ်း၊ ဓနု၊ အင်းသား တိုင်းရင်းသူများသည် ဝါးတံတွင် သီထားသည့် မီးပုံးရောင်စုံတွဲများကို ကိုင်ဆောင်လျှောက်လှမ်းလာကြချိန်တွင် အမျိုးသမီးတန်းများအကြား၌ လူငယ်များက တိုင်းရင်းသားဝတ်စုံများဝတ်ကာ ရိုးရာတူရိယာများကို တီးမှုတ်၍ သီချင်းများသီဆိုကခုန်လိုက်ပါလာကြသည်။

တန်ဆောင်မုန်းည၏ အေးချမ်းလှသည့် ရာသီဥတုအောက်ဝယ် ဘုရားရှင်အား မီးပူဇော်သည့်ပွဲတွင် ဟိုပုံးမြို့ရှိ လူငယ်တိုင်းက မိမိတို့ရပ်ကွက်များအလိုက် ပါဝင်ဆင်နွှဲလေ့ရှိကြသည်။ လူငယ်တစ်ဦးသည် မီးပွဲလှည့်နေစဉ် မိမိချစ်မြတ်နိုးသည့် မိန်းကလေး၏ လက်ကို ကိုင်ဆွဲခြင်းဖြင့် ချစ်ခြင်းကိုဖော်ထုတ်သည့် ဓလေ့သည် ဟိုပုံးမီးလှည့်ပွဲ၏ ထူးခြားသည့် ဓလေ့တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

# သတိ

❑ သတိလွတ်၍
ရေရွှတ်ဆိုဆဲ၊ သူ့ကိုမဲစဉ်
မီးစွဲသို့လျှင်၊ သူ၏ရင်မှ
နာကျင်စီးကျ၊ မျက်ရည်စကို
နှိုင်းဆစိတ်တွင် မမြင်မိ။

❑ သတိလစ်၍
အပြစ်ဖော်ပြ၊ ဆိုဆုံးမ၏
ဆုံးမသည်ထား၊ နှုတ်စကားလျှင်
တုတ်ဓားနှယ်ပင်၊ သူ၏ရင်ဝယ်
နာကျင်ဖိုလှိုက်၊ အသည်းခိုက်မည်
ငါ၌စိတ်တွင် မမြင်မိ။

❑ ဩော်...
စိတ်လိုက်မာန်ပါ၊ အခါခါတည့်
ကာလဒေသ၊ ပယောဂနှင့်
နှိုင်းဆအပ်သည့်၊ ထိုသတိလျှင်
မရှိလွတ်လစ်၊ ကင်းသည်ဖြစ်၍
ချစ်ခြင်းအမုန်၊ အရင်းခံလည်း
မုန်းမာန်စူးရှ၊ ဆူးတို့ခသည့်
ဘဝဒဏ်ရာ၊ ရှည်ကြာခဲ့ကြောင်း
ကောင်းကျိုးဆိုးပြစ်၊ ပြန်ဆန်းစစ်မှ
မြူညစ်မထင်၊ အပြစ်စင်သည့်
သစ်လွင်သောကိုယ်၊ ငါဖြစ်လိုသည်
စိတ်ကိုအနိုင် ရစေသော်။ ။

မြင်းမူမောင်နိုင်မိုး

# နှစ်ရှည်သီးနှံဖြစ်သော ဩဇာသီးများ စီးပွားဖြစ်စိုက်ပျိုးရောင်းချ

**မကွေး နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျွဲသိုးမြောင်၊ ထောက်ရှာပင်၊ ကျောက်တန်းနှင့် ရေမြက်ကျေးရွာတို့၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် ဩဇာသီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ဩဇာပင်ကို မိုးဦးကျကာလဖြစ်သည့် ဇွန်လနှင့်ဇူလိုင်လတို့တွင် စိုက်ပျိုးကြပြီး ငါးနှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဩဇာသီး အညိုရောင်မျိုးနှင့် အစိမ်းရောင်မျိုးတို့ဖြစ်ပြီး အစိမ်းရောင်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဩဇာစေ့ကို ပျိုးထောင်၍ ခြောက်လသားအရွယ်တွင် ၈ ပေအကွာ စိုက်ကျင်းများ၌ မြေချစိုက်ပျိုးရပြီး တစ်ကေလျှင် ဩဇာပင် ၂၅၀ ကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ဩဇာပင်သည် နှစ်ရှည်သီးနှံဖြစ်သောကြောင့် နှစ်စဉ်ပြုစုပျိုးထောင်ရပြီး စတင်စိုက်ပျိုးသည်မှ အသီးခူးဆွတ်ရသည်အထိ တစ်ကေလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်းသိရသည်။

ဩဇာသီးအထွက်နှုန်းအနေဖြင့် တစ်ပင်လျှင် အလုံးရေ ၆၀ မှ ၈၀ အထိထွက်ရှိပြီး တစ်ကေလျှင် ဩဇာသီးအလုံးရေ ၁၅၀၀၀ မှ ၂၄၀၀၀ ခန့်အထိ ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိပြီး ဈေးနှုန်းအနေဖြင့် ဩဇာသီးအလုံးအရွယ်အစားပေါ် မူတည်၍ ဈေးအမျိုးမျိုးရှိသည်။

ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့တို့ရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြောင်း ဩဇာသီးစိုက်ပျိုးရောင်းချသော တောင်သူတစ်ဦးထံမှ သိရသည်။

ဇော်မျိုး(မြဝတီ)

# ပန်းသီးနှင့်ကျန်းမာရေးကောင်းကျိုး



လတ်ဆတ်တဲ့ပန်းသီးတစ်လုံးကို နေ့စဉ်စားသုံးမယ်ဆိုရင် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသလို ခန္ဓာကိုယ်ရဲ့အလှတရားတွေအတွက်လည်း ဖြည့်ဆည်းပေးနိုင်လို့ လူတိုင်း ပန်းသီးစားပေးသင့်ပါတယ်။ ပန်းသီးရဲ့ကောင်းကျိုးတွေထဲက အဓိကကောင်းကျိုးတွေကို မှတ်ရလွယ်အောင် ဖော်ပြပေးပါမယ်။

ပန်းသီးကို တစ်ကိုက်ချင်းစားတဲ့အခါ ခံတွင်းထဲမှာ တံတွေးထွက်ပြီး သန့်ရှင်းစေတာကြောင့် သွားတွေဖြူစေတဲ့အပြင် သွားပျက်စီးမှုကနေလည်း ကာကွယ်ပေးတာကြောင့် တစ်ပတ်ကို ပန်းသီး ငါးလုံးလောက်စားသင့်ပါတယ်။

ပန်သီးထဲမှာ အိုမင်းရင့်ရော်မှုကိုတားဆီးပေးတဲ့ ဒြပ်ပေါင်းတွေပါဝင်ပါတယ်။ ပန်းသီးကို နေ့စဉ်ပုံမှန်စားပေးရင် မျက်နှာပေါ်က အရေးအကြောင်းတွေကို ဖယ်ရှားပေးပြီး အသားအရေတင်းရင်းလှပစေပါတယ်။ မျက်နှာပြင်ပေါ် ပန်းသီးစိတ်နဲ့ပွတ်ပေးပြီး ၁၀-၂၀ မိနစ်ကြာမှ ရေနဲ့သန့်စင်ပေးပါ။ အရေးအကြောင်းကင်းစင်စေပြီး နုပျိုလှပစေပါတယ်။

ပန်းသီးမှာ အသားအရေနူးညံ့စိုပြည်ပြီး ဖြူဝင်းတောက်ပစေတဲ့အာနိသင်ရှိပါတယ်။ တင်းရင်းစေတဲ့ ကော်လာဂျင်နဲ့အီလက်စတင် (Elastin)ထုတ်လုပ်မှုများစေလို့ နုပျိုလှပစေပါတယ်။ အနီရောင်ပန်းသီးကို စားသုံးတာက ပန်းနုရောင်ကဲ့သို့ လှပတဲ့အသားအရေကို ပိုင်ဆိုင်စေပါတယ်။

ပန်းသီးထဲမှာ အသားအရေကိုထိခိုက်စေတဲ့ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးတဲ့ ဒြပ်ပေါင်းတွေ ပါဝင်ပါတယ်။ ပန်းသီးက နေလောင်တာကို ကာကွယ်ပေးပြီး အရေပြားအပေါ်ယံ အဖတ်လန်တာမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ ဂလစ်စရင်း(Glycerine) လက်ဖက်စားဇွန်းတစ်ဇွန်းကို ကြိတ်ခြေထားတဲ့ပန်းသီးနဲ့ရောပြီး မျက်နှာပေါ် လိမ်းပေးပါ။ ၁၅ မိနစ်လောက်ကြာမှ ရေအေးနဲ့ သန့်စင်ပေးရင် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်ပါတယ်။

ပန်းသီးက အရေပြားကို ရေဓာတ်ဖြည့်ပေးနိုင်ပါတယ်။ ပန်းသီးကိုစိတ်ပြီး မျက်နှာပြင်အနှံ့ ပန်းသီးစိတ်ရဲ့အရည်တွေ ခြောက်သွားတဲ့အထိ ပွတ်ပေးသင့်ပါတယ်။ မျက်နှာပေါ်က ဆဲလ်သေတွေကိုဖယ်ရှားပေးပြီး အဆီထုတ်လုပ်မှုကိုထိန်းညှိပေးပါတယ်။ ဝက်ခြံ၊ အမာရွတ်နဲ့ အမည်းစက်တွေကိုဖယ်ရှားပေးနိုင်ပါတယ်။

အရေပြားကင်ဆာမဖြစ်အောင် ကာကွယ်ပေးပါတယ်။ ပန်းသီးထဲမှာ ဗီတာမင် A ပါဝင်ပြီး အရေပြားဆဲလ်တွေပုံမှန်ဖြစ်လာအောင် အရေပြားတစ်သျှူးတွေရဲ့လုပ်ငန်းဆောင်တာတွေမှာ အဓိကပါဝင်လုပ်ဆောင်ပေးပါတယ်။ ခန္ဓာကိုယ်မှာ ဗီတာမင် A ချို့တဲ့ရင် အရေပြားကင်ဆာဖြစ်ပွားနိုင်ခြေရှိပါတယ်။ ပန်းသီးအနေတော်တစ်လုံးကနေ ဗီတာမင် A ၁၂၀ အိုင်ယူရရှိနိုင်ပြီး ခန္ဓာကိုယ်အတွက် တစ်နေ့တာလိုအပ်ချက်ရဲ့ ၄-၅ ရာခိုင်နှုန်း ရရှိနိုင်ပါတယ်။

ကြိတ်ခြေထားတဲ့ပန်းသီးကို ရှလကာရည်နဲ့ရောပြီး အရေပြားပေါ်ကချွေးပေါက်တွေကျဉ်းစေဖို့ တိုနာအဖြစ် အသုံးပြုနိုင်ပါတယ်။ ပန်းသီးရှလကာရည်က ချွေးပေါက်အတွင်းမှာဝင်နေတဲ့ အညစ်အကြေးနဲ့ အဆီတွေကိုဖယ်ရှားပေးပါတယ်။ အရေပြားရဲ့ PH ကိုထိန်းညှိပေးပြီး အဆီထွက်တာကို ပုံမှန်ဖြစ်အောင် ထိန်းချုပ်ပေးပါတယ်။

ကော်လာဂျင်ထုတ်လုပ်မှုကို အားပေးတယ်။ ပန်းသီးစားသုံးပါက ဗီတာမင် A သာမက ဗီတာမင် D ကိုလည်းရရှိနိုင်ပါတယ်။ အရေပြားတင်းရင်းစေတဲ့ ကော်လာဂျင်ထုတ်လုပ်မှုအတွက် ဗီတာမင် D လိုအပ်ပါတယ်။ ကော်လာဂျင်က အရေပြားထဲ ရေစုပ်ယူမှုမရှိအောင် အတားအဆီးအနေနဲ့လည်း ဆောင်ရွက်ပေးပါတယ်။ ဗီတာမင် C ချို့တဲ့ပြီး ကော်လာဂျင်ထုတ်လုပ်မှုနည်းရင် အနာဟောင်းတွေက အနာပြန်ဖြစ်တာနဲ့ အရေပြားပေါက်ပြဲဒဏ်ရာဖြစ်နိုင်ခြေများစေပါတယ်။ ပန်းသီးအနေတော်တစ်လုံးကနေ ဗီတာမင် C ၁၀.၃ မီလီဂရမ်ရရှိနိုင်ပြီး ခန္ဓာကိုယ်အတွက် တစ်နေ့တာလိုအပ်ချက်ရဲ့ ၁၁-၁၄ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။

ပန်းသီးက မျက်ကွင်းညိုတာနဲ့ မျက်အိတ်ရောင်တာကို ကုသပေးနိုင်ပါတယ်။ ပန်းသီးကို ခပ်ပါးပါးလှီးပြီး မျက်လုံးပေါ်တင်ထားပေးရင် မျက်ကွင်းညိုတာနဲ့ မျက်အိတ်ရောင်တာကိုသက်သာစေပါတယ်။ နောက်တစ်နည်းအနေနဲ့ ပန်းသီးရှလကာရည် လက်ဖက်စားဇွန်းနှစ်ဇွန်းကို ကြိတ်ခြေထားတဲ့ အာလူးတစ်လုံးနဲ့ရောပြီး မျက်လုံးတစ်ဝိုက်ကွင်းပေးတာ၊ ရေနွေးထဲစိမ်ထားတဲ့အဝတ်စနဲ့အုပ်ထားတာလုပ်ပေးပါ။ ၁၀-၂၀ မိနစ်ထားပြီး ကြက်သီးနွေးရေနဲ့ သန့်စင်ပေးသင့်ပါတယ်။

ပန်းသီးထဲမှာ ဆံပင်ကိုအားဖြည့်ပေးတဲ့ ဘိုင်အိုတင်(Biotin) ပါဝင်ပြီး ဆံပင်နဲ့ လက်သည်း၊ ခြေသည်းတွေကို ကျန်းမာသန်စွမ်းစေပါတယ်။ ဆံပင်ကျွတ်သက်သာစေဖို့ကိုလည်း ဘိုင်အိုတင်(Biotin)ကိုအသုံးပြုနိုင်ပါတယ်။ သုတေသီတွေရဲ့ လေ့လာမှုအရ ဘိုင်အိုတင်(Biotin)က ဆံပင်သန်စေပါတယ်။ ဆံသားတုတ်ပြီး ဆံပင်ထူစေတယ်လို့ တွေ့ရှိခဲ့ပါတယ်။ တစ်နေ့ ပန်းသီးတစ်လုံးစားပေးတာက သဘာဝအတိုင်း ဆံပင်သန်စေပါတယ်။

ပန်းသီးထဲမှာ ပရိုဆိုင်နီဒင်း(Procyanidin)ပါဝင်လို့ ဆံပင်ထူပြီး အရှည်မြန်စေတဲ့အပြင် ဆံပင်ပါးတာ၊ ထိပ်ပြောင်တာတွေမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ ဆံပင်မကျွတ်အောင်ကာကွယ်ပေးပါတယ်။ ပန်းသီးထဲမှာ ဆံပင်မကျွတ်အောင်ကာကွယ်နိုင်တဲ့ဒြပ်ပေါင်းတွေဖြစ်တဲ့ ပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်၊ မီနေရာလစ်ဒြပ်ပေါင်း၊ အင်တီအောက်စီးဒင့်နဲ့ ဗီတာမင်တွေပါဝင်ပါတယ်။ အင်တီအောက်စီးဒင့်က ဦးရေပြားရဲ့သွေးလှည့်ပတ်မှုကိုကောင်းစေလို့ ဆံပင်မကျွတ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

ဗောက်ထတာအတွက်ကုသနိုင်ပါတယ်။ ပန်းသီးအရည်ကို ဦးရေပြားပေါ်လိမ်းပေးရင် ဦးရေပြားရဲ့ ပင်ကိုသဘာဝကိုထိန်းပေးပြီး ဗောက်တွေကင်းစင်စေပါတယ်။ Shampoo နဲ့ခေါင်းလျှော်ပြီးတဲ့အခါ ပန်းသီးအရည်ကို ဦးရေပြားအနှံ့လောင်းပြီး ညင်သာစွာနှိပ်နယ်ပေးပါ။ ၁၀ မိနစ်လောက်ကြာမှ ရေအေးနဲ့သန့်စင်ပေးရင် ဗောက်ကင်းစင်ပြီး ဆံသားတောက်ပြောင်လှပလာစေပါတယ်။

ခံနိုင်ရည်စွမ်းအားတိုးစေတယ်။ ကွာစီတင် (Quercetin) လို့ခေါ်တဲ့ အင်တီအောက်စီးဒင့်ဓာတ်တိုးဆန့်ကျင်(ခ)အောက်ဆီဂျင် ဓာတ်တိုးဓာတ်တွေပါဝင်ပါတယ်။ အဲဒီဓာတ်က အဆုတ်ထဲကို အောက်ဆီဂျင်တွေ လွယ်ကူစွာရောက်ရှိနိုင်ဖို့ ကူညီပေးနိုင်ပါတယ်။ အလုပ်မလုပ်မီ ပန်းသီးတစ်လုံးစားခြင်းက ကိုယ်ခန္ဓာအတွက် ခံနိုင်ရည်စွမ်းအားတိုးစေပါတယ်။

အဆာပြေနိုင်ပါတယ်။ ပန်းသီးမှာ သဘာဝအချိုဓာတ်ပါဝင်ပြီးသားဖြစ်လို့ နေ့လယ်နေ့ခင်းအဆာပြေစားချင်ရင်လည်း အဆင်ပြေနိုင်ပါတယ်။ ကယ်လိုရီနည်းပါးပြီး အဆီလုံးဝကင်းပါတယ်။ ဒါကြောင့် ဗိုက်ဆာတဲ့အခါမှာလည်း အဆင်ပြေစေနိုင်ပါတယ်။ အသင့်အမြန်စားအစာတွေထက် စားလို့လည်းကောင်း၊ အစာစားချင်စိတ်ကိုလည်း ထိန်းပေးလို့ ကျန်းမာရေးနဲ့ညီညွတ်ပါတယ်။

ကိုယ်တွင်းကင်ဆာရောဂါကို ကာကွယ်နိုင်ပါတယ်။ ထရစ်တာဖိနိုက်(Triterpenoids)ဒြပ်ပေါင်းတစ်မျိုးပါဝင်ပါတယ်။ အဲဒီဓာတ်က အသည်းကင်ဆာ၊ ရင်သားကင်ဆာနဲ့ အူမကြီးကင်ဆာ စတဲ့ကင်ဆာရောဂါတွေကို ကာကွယ်ရာမှာ အကူအညီဖြစ်စေနိုင်ပါတယ်။

မှတ်ဉာဏ်တိုးစေပါတယ်။ အက်ဆီတိုင်းကိုလင်း (Acetylcholine)ဆိုတဲ့ ဓာတ်တစ်မျိုးထုတ်လုပ်ခြင်းကိုတိုးစေပါတယ်။ အဲဒီဓာတ်က အာရုံကြောနဲ့ပတ်သက်ပြီး ကျန်းမာစေတဲ့အပြင် အဲဒီဓာတ်ကြောင့် မှတ်ဉာဏ်တိုးစေပြီး အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျော့ကျစေနိုင်ပါတယ်။

ရောဂါကိုတိုက်ဖျက်တဲ့ ကိုယ်ခံအားမြှင့်တင်ပေးနိုင်ပါတယ်။ ပန်းသီးမှာ ဗီတာမင် C မြင့်မားစွာပါဝင်လို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ရောဂါကို တိုက်ဖျက်နိုင်တဲ့ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်ပြီး ဝယ်ရလွယ်သလို ဈေးလည်းသက်သာတဲ့ ပန်းသီးရဲ့ကောင်းကျိုးတွေက အများကြီးရှိပါတယ်။ အမျှင်ဓာတ်၊ ဗီတာမင်နဲ့ တခြားအာဟာရဓာတ်တွေပါဝင်ပြီး စွမ်းအင်အများအပြားပါဝင်တဲ့အရင်းအမြစ်ဖြစ်လို့ လူတိုင်း နေ့စဉ် ပန်းသီးတစ်လုံးစားသင့်ပါတယ်။ ။

ဒေါက်တာလွင်သန့်

# တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်နှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရန် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို နိုဝင်ဘာလ ၁၆ ရက်တွင် အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှုမရှိစေရေး၊ ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် ရေတင်ကျန်နိုင်သော ကားတာယာအဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီ၊ ကျောက်စည်ပိုင်းနှင့် ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ရေနုတ်မြောင်းများရှိ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# သဲကုန်းမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်



သဲကုန်း နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက စိုက်ပျိုးသီးနှံများအတွက်နှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် စီးပွားရေးတွက်ခြေကိုက်သီးနှံများအား မှန်ကန်စွာရွေးချယ်စိုက်ပျိုးကြမှသာ စီးပွားရေးအဆင်ပြေပြီး လူမှုဘဝများတိုးတက်မြင့်မားလာကာ နိုင်ငံတော်၏ထုတ်ကုန်တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးအောင်ဝင်းနှင့် မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနဦးစီးမှူးဦးဝင်းကိုတို့က စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့်တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များအား ပေးအပ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပန်းတိုင်သို့ချီ ဖွဲ့စိတ်တည်

ɔ လူသားငယ် ဘဝရှေ့ရေး
မှန်စွာတွေး ပွဲ့ကိုင်ရှင်။
ငယ်ရွယ်စဉ် နည်းလမ်းတကျ
လမ်းပြသွန်သင်။
အတတ်ကိုလည်းသင်
ပွဲ့ပြင်ကာ ဆုံးမ။
ကောင်းဆိုးမှန် ကိုယ်တိုင်တွေးမှ
နောင်ရေးစိတ်ချ။

ɔ အောင်မြင်စေ သားနောင်ရေး
စာပေတွေး သိအပ်ရာ။
သုတကြွယ် ရသဖက်
ဖြည့်စွက်ဖွေရှာ။
အချိန်ကို အကျိုးရှိစွာ
သုံးတတ်ရာ အလေ့ကောင်း။
ဗလငါးတန် ပြည့်စုံရလို့
ဘဝလှစေကြောင်း။

ɔ သားလူငယ် ဘဝလှ
မှန်ရာပြ မိဘပင်။
နိုးကြားစေ အခါမလပ်
အနာဂတ်ကောင်းကင်။
ကြီးသူများက လမ်းစထွင်
ရှေ့သို့လျှင် ဘယ်မစောင်း။
ဘဝရဲ့ ပန်းတိုင်လမ်းကို
လျှောက်လှမ်းစေကြောင်း။

ɔ ကံစီမံ လမ်းမကောင်း
တိမ်းစောင်းလို့ ဘေးရောက်ချင်။
ရည်ရွယ်ရာ မှတ်တိုင်က
ဝေးစွလို့ထင်။
လဲကျလည်း အရှုံးမမြင်
ရန်းလို့ပင် မာန်မချဘဲ။
အားတင်းကာ အရောက်လှမ်းကွယ်
ပန်းတိုင်သို့ပဲ။ ။

စမ်းစမ်း(မနောမြေ)

# တောင်သာမြို့နယ် ကျူချောင်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်သာ နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျူချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေအား နိုဝင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင်မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ကျူချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျူချောင်းကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၁၅ သန်းအသုံးပြု၍ စက်တင်ဘာလ ဒုတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို



# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစတင်ရိတ်သိမ်း စက်မှုလက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

ထားဝယ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစတင်ရိတ်သိမ်းနေပြီး တောင်သူအစုအဖွဲ့အလိုက် ရိတ်သိမ်းရန် အခက်အခဲရှိသူများကိုစိုက်ပျိုးရေးဦးစီးဌာနမှ စက်မှုလက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၂၂၃၉၆ ဧက စိုက်ပျိုးထားပြီး အောက်တိုဘာလကုန်ပိုင်းမှ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။ မိုးစပါးအထွက်နှုန်းများရန် ဆောင်ရွက်ထားသည့်အပြင် တောင်သူအကျိုးပြုစံပြစိုက်ခင်း ဧက ၂၈၂၀ ကိုလည်း ဆောင်ရွက်ပေးထားသည်။

"မိုးစပါးကိုတော့ အောက်တိုဘာလကုန်ပိုင်းလောက်မှစတင်ရိတ်သိမ်းနေတာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ အစုအဖွဲ့အလိုက် ရိတ်သိမ်းဖို့အခက်အခဲတွေရှိနေရင် စက်မှုလက်မှုလယ်ယာဦးစီးဌာနနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ဒေသမှာ မိုးစပါးရိတ်သိမ်းပြီးတာနဲ့ နွေစပါး ၈၀၁၂ ဧက၊ ဆောင်းသီးနှံအဖြစ် မတ်ပဲနဲ့နေကြာတွေကိုလည်း ဆက်တိုက်စိုက်ပျိုးသွားပါ့မယ်" ဟု တနင်္သာရီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆောင်းသီးနှံအဖြစ် ယခင်နှစ်ကမတ်ပဲ ၁၁၂၅ ဧကနှင့် နေကြာ ၁၀၅ ဧကသာစိုက်ပျိုးထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် မတ်ပဲ ၂၀၀၃ ဧကနှင့် နေကြာ ၁၆၇ ဧကတို့အပြင် အခြားပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးစိုက် ၂၂၂၃၉၆ ဧက စိုက်ပျိုးထားရာ ထားဝယ်ခရိုင်၌ ၁၀၀၅၂၈ ဧက၊ မြိတ်ခရိုင်၌ ၁၁၇၀၆၄ ဧက၊ ဘုတ်ပြင်းခရိုင်၌ ၃၅၇၁ ဧကနှင့် ကော့သောင်းခရိုင်၌ ၁၂၃၃ ဧကရှိကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၂၄(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၇:၁၅ | မေတ္တာပို့ |
| ၂။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၃။ | ၇:၄၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၅။ | ၁၂:၅၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၆။ | ၁၈:၃၅ | နပျိုလုပ ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၇။ | ၁၈:၄၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၈။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း ပုဂံနှင်းဆီနှလုံးသား (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင် မင်းဦး မေသန်းနု၊ ပန်းဖြူ ဒါရိုက်တာ - မြင့်မြင့်ခိုင် (မြက်ခင်းသစ် သုခမလွင်ပြင်) |

# မြိတ်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲ ဘုရားဖူးပြည်သူများဖြင့်စည်ကား



မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍ ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်း၌ ခြောက်ရက်တိုင်တိုင် ကျင်းပခဲ့ပြီး နိုဝင်ဘာလ ၁၅ ရက် ညနေ ၅ နာရီတွင် ဘုရားငါးဆူကွင်းမှစတင်ကာ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကျင်းပရာ လမ်းတစ်လျှောက် ဘုရားဖူးပြည်သူများဖြင့် မြိတ်မြို့၏တန်ဆောင်မုန်းလပြည့်ညသည် စည်ကားခဲ့သည်။

မြိတ်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် (၉၄)ကြိမ်မြောက် ဘုရားပွဲတော်ကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၅ ရက်ထိ ခြောက်ရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကာ ပွဲတော်ရက်များအတွင်း ဘုရားဖူးပြည်သူများအား ညစဉ်စတုဒိသာကျွေးမွေးခြင်း၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပခဲ့သည်။ တန်ဆောင်မုန်းလပြည့်ညနိုဝင်ဘာလ ၁၅ ရက်တွင် ဘုရားငါးဆူကွင်း ယာယီစံကျောင်းတော်မှမြို့တွင်းလှည့်လည်ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်းကြီးမှ ဦးဆောင်ကာ ပြာသာဒ်မော်တော်ယာဉ်များဖြင့် မီးအလှဆင်ပြီး ဘုရားပွင့်စဉ်များအလိုက် ရပ်ကွက်အသီးသီးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ပူဇော်ခဲ့ကြသည်။

နှစ်ကျိပ်ရှစ်ဆူဘုရား မြို့တွင်းလှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်၌ ဘုရားဖူးပြည်သူများက ဆီမီး၊ အမွှေးနံ့သာတိုင်ထွန်းညှိပူဇော်ခြင်း၊ ရောင်စုံမီးများထွန်းညှိပူဇော်ခြင်း၊ အလှူငွေများလှူဒါန်းခြင်းဖြင့် ကုသိုလ်ပြု လှူဒါန်းပူဇော်ခဲ့ကြသည်။ ထို့အတူ ဘုရားလှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်တွင်လည်း စေတနာရှင်အလှူရှင်များ၊ အသင်းအဖွဲ့များ၊ သူငယ်ချင်းမိတ်ဆွေများစုပေါင်းကာ စတုဒိသာများကျွေးမွေးခြင်း၊ ဓမ္မတေးများသီဆိုဖွင့်လှစ်ကြိုဆိုကုသိုလ်ယူကြသည်။

ရာသီအလိုက် အထင်ကရပွဲတော်များ၌ တစ်ခုအပါအဝင်ဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲတော်သည် မြိတ်မြို့၏ တန်ဆောင်မုန်းလတွင် စည်ကားသိုက်မြိုက်စွာပူဇော်ကျင်းပသည့် ဗုဒ္ဓပူဇာသဘင်ဖြစ်ကာ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ရာတွင် မင်္ဂလာစည်တော်ယိမ်း၊ ဥပါသကာ၊ ဥပါသိကာများဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားများကို ပြာသာဒ်မော်တော်ယာဉ်များဖြင့်ပင့်ဆောင်၍ ဒေသစာရီလှည့်လည်ပူဇော်ခဲ့ရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ပါဠိဗျည်း၊ သရများနှင့် မြန်မာဗျည်း၊ သရများ

**(၁၁-၁၁-၂၀၂၄ ရက်နေ့မှအဆက်)**

စဝဂ်ဗျည်းများ၏ အသံထွက်မှာ ယနေ့မြန်မာတို့ အသံထွက်သကဲ့သို့ စ၊ ဆ၊ ဇ၊ ဈ၊ ည ၏ အသံအတိုင်းမဟုတ်ဘဲ ကျ၊ ချ၊ ဂျ၊ ဃ၊ ငျ ဟု အသံထွက်ရွတ်ဆိုသည်ဟု မှတ်ရပါမည်။ ယင်းတို့၏ အသံဖြစ်ရာအရပ်သည် အာစောက်အရပ်ဖြစ်ပါသည်။ တာလုဋ္ဌာန်ဖြစ်ပါသည်။

ဋဝဂ်၏ အသံထွက်မှာ ယနေ့မြန်မာတို့ တဝဂ်ကို အသံထွက်သည့်အတိုင်း အသံထွက်ရပါသည်။ စင်စစ် ယနေ့မြန်မာတို့ ရွတ်ဆိုနေကြသော တဝဂ်ဗျည်းများ၏အသံထွက်မှာ ပါဠိဘာသာ ဋဝဂ်ဗျည်းများ၏ အသံထွက်အတိုင်း ရွတ်ဆိုနေကြခြင်းဖြစ်သည်။ မုဒ္ဓဇဗျည်းများဖြစ်သည်။

ပါဠိ တဝဂ်၏အသံထွက်မှာ လျှာဖျားနှင့် သွားရင်းထိပြီးမှ ရွတ်ဆိုရသောအသံဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တဝဂ်ဗျည်းများသည် ဒန္တဇအက္ခရာများဖြစ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် မြန်မာတို့က တဝဂ်ဗျည်းများကို ဒန္တဇအက္ခရာများအဖြစ် မရွတ်ဆိုဘဲ မုဒ္ဓဇအက္ခရာများအဖြစ် ရွတ်ဆိုနေကြပါသည်။

ပဝဂ်ဗျည်းများသည် ဩဋ္ဌဇဗျည်းများဖြစ်သဖြင့် အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ထိပြီးမှ အသံထွက်ရွတ်ဆိုရသောကြောင့် ဌာန်မှန်အတိုင်း ရွတ်ဆိုသည်ဟု ဆိုရပါမည်။ (ဇယား- နောက်ဆက်တွဲ - က)

**၂။ မြန်မာဗျည်းအက္ခရာများကို မြန်မာဗျည်းများဟူ၍ ထင်မှားမှတ်သားခဲ့ကြသည်။**

မြန်မာအက္ခရာများသည် ဘီစီ ၅၀၀ ခန့်မှ အေဒီ ၃၀၀ ကျော်အထိ အိန္ဒိယဒေသတွင် ထွန်းကားခဲ့သည့် ဗြာဟ္မီအရေးအသား၊ ဗြာဟ္မီအက္ခရာများကိုအခြေပြု၍ ဖြစ်ပွားလာသော အက္ခရာများဖြစ်သည်ဟု အက္ခရာဗေဒပညာရှင်များကဆိုခဲ့ကြသည်။

မြန်မာဘာသာတွင် ဗျည်းအက္ခရာ ၃၃ လုံးရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။ ယင်းတို့မှာ **က** အစ **အ** အဆုံး ၃၃ လုံးသော အက္ခရာများဖြစ်သည်။ အ သည် စင်စစ်အားဖြင့် သရဖြစ်သော်လည်း မြန်မာသင်ပုန်းကြီးတွင် ဗျည်းအဖြစ် သတ်မှတ်သုံးစွဲခဲ့ကြသည်။ (ရှေ့တွင်ရှင်းပြပြီး) ယင်း **က** အစ **အ** အဆုံး ဗျည်းအက္ခရာ ၃၃ လုံးကိုပင် မြန်မာဗျည်းများဟု လွဲမှားပြောဆိုနေကြသည်။ မြန်မာဗျည်းဟူ၍ နှုတ်ကျိုးတွင်ကျယ်နေသည်။

စင်စစ်အားဖြင့် ဗျည်းဆိုသည်မှာ ဗျည်းသံကို အဓိကထားပြောဆိုခြင်းဖြစ်သည်။ ဗျည်းအက္ခရာဆိုသည်မှာ ယင်းဗျည်းသံကို ကိုယ်စားပြု၍ ရေးသားသောအက္ခရာဖြစ်သည်။ ဗျည်းသံဆိုသည်မှာ မထင်မရှားရွတ်ဆိုရသော အသံမျှသာဖြစ်၍ ထင်ထင်ရှားရှားအသံထွက်ဆိုလိုကအ၊ အာ အစရှိသော သရတို့နှင့်တွဲဖက်၍ ရွတ်ဆိုရပေသည်။

မြန်မာဘာသာတွင် ဗျည်းသံနှင့် ဗျည်းအက္ခရာ ကွဲပြားသည်ကို သတိမူကြရန်ဖြစ်သည်။ ဗျည်းသံကို ဗျည်းဟုလည်း ခေါ်ဆိုနိုင်ရာ ဗျည်းနှင့် ဗျည်းအက္ခရာ မတူကွဲပြားသည်ကို သတိရှိကြရန် လိုသည်။ (ယခုမှစ၍ ဗျည်းသံကို ဗျည်းဟု ခေါ်ဝေါ်သုံးနှုန်းပါမည်။)

ယနေ့ မြန်မာဘာသာတွင် ဗျည်း ၃၃ လုံး ရှိသည်ဟုပင် လက်ခံထားကြပါသည်။ ဗျည်း ၃၃ လုံးနှင့် ဗျည်းအက္ခရာ ၃၃ လုံးတို့မတူပါ။ ၃၃ လုံးချင်း တိုက်ဆိုင်တူညီနေခြင်းဖြစ်ပါသည်။

မြန်မာဗျည်း ၃၃ လုံးမှာ -

| | | | |
|---|---|---|---|
| ၁။ ရန်းပွင့်ဗျည်း | - | ပ၊ ဖ၊ ဗ၊ တ၊ ထ၊ ဒ၊ က၊ ခ၊ ဂ။ | (၉)လုံး |
| ၂။ ရပ်သံ/ တိုင်သံ | - | ? | (၁) လုံး |
| ၃။ ရန်းပွင့်ပွတ်တိုက် ဗျည်း | - | ကျ၊ ချ၊ ဂျ။ | (၃) လုံး |
| ၄။ နှာသံဗျည်း | - | မ၊ မှ၊ န၊ နှ၊ ည၊ ညှ၊ င၊ ငှ။ | (၈) လုံး |
| ၅။ လျှာပွင့်ဗျည်း | - | လ၊ လှ။ | (၂) လုံး |
| ၆။ ပွတ်တိုက်ဗျည်း | - | သ၊ ဿ၊ စ၊ ဆ၊ ဇ၊ ရ၊ ယှ၊ ဟ။ | (၈) လုံး |
| ၇။ သရရွေ့ | - | ဝ၊ယ | (၂) လုံး |

တို့ဖြစ်ပါသည်။ ( ဇယား - နောက်ဆက်တွဲ - ခ )

**၃။ မြန်မာသရများကိုလည်း အကုန်အစင် မှတ်တမ်းမတင်ကြဘဲ သင်ရိုးသရများကိုသာ မြန်မာသရများဟူ၍ မှတ်သားခဲ့ကြသည်။**

မြန်မာဘာသာတွင် သင်ပုန်းကြီးအရ မြန်မာသင်ရိုးသရ ၁၂ လုံးဟု သတ်မှတ်ခဲ့ကြပါသည်။ သင်ရိုးသရ ၁၂ လုံးမှာ -

အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အံ၊ အား တို့ဖြစ်ကြပါသည်။

သင်ရိုးသရ ၁၂ လုံးကို **က**ဗျည်းနှင့်တွဲသော် က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော၊ ကော်၊ ကံ၊ ကား ဟူ၍လည်းကောင်း၊ **ခ**ဗျည်းနှင့်တွဲသော် ခ၊ ခါ၊ ခိ၊ ခီ၊ ခု၊ ခူ၊ ခေ၊ ခဲ၊ ခေါ၊ ခေါ်၊ ခံ၊ ခါး ဟူ၍လည်းကောင်း ဖြစ်ပါမည်။ ကျန်ဗျည်းများကို သင်ရိုးသရများနှင့် တွဲလျှင်လည်း ယင်းတို့ကဲ့သို့ပင်ဖြစ်ပါမည်။

မြန်မာသရများဟုဆိုလျှင် မြန်မာသင်ရိုးသရ ၁၂ လုံးနှင့် ပြည့်စုံလုံလောက်သည်မဟုတ်ပေ။ သင်ရိုးသရဟုခေါ်ဆိုသည့်အတိုင်း အခြေခံသင်ရိုးအတွက်သာ အသုံးပြုရသော သရများသာဖြစ်ပေသည်။

မြန်မာဘာသာတွင် သရပေါင်း ၅၁ သံ ရှိသည်ဟု ယာယီအားဖြင့် လက်ခံထားကြသည်ဟု ဆိုရပါမည်။ စဉ်းစားချိန်ဆရန် လိုသေးသည်ဟု ယူဆပါသည်။ မြန်မာသရများကို သိလိုပါက မြန်မာကာရန် ၆၄ ပါးကို သိရန်လိုပါသည်။ မြန်မာကာရန် ၆၄ ပါးဆိုသည်မှာ မြန်မာဘာသာတွင် ရှိသမျှကာရန်များကို စာရင်းချုပ်၍ ပြုစုထားသော ကာရန်များဖြစ်ပေသည်။ တစ်နည်းဆိုသော် မြန်မာသရသံများဖြစ်ပေသည်။

**ကာရန်**ဆိုသည်မှာ ပါဠိဘာသာ **ကာရန္တ**ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ **ကာရန္တ**ဆိုသည်မှာလည်း **ကာရ**နှင့် **အန္တ** ကို ပေါင်းထားခြင်းဖြစ်သည်။ **ကာရ**၏အနက်မှာ အက္ခရာဖြစ်သည်။ အက္ခရာဆိုသည်မှာ ဗျည်းအက္ခရာနှင့် သရအက္ခရာဟု နှစ်မျိုးရှိသည်။ **အန္တ**ဆိုသည်မှာ အဆုံး၊ အဆုံးသံဖြစ်သည်။ ထို့ကြောင့် **ကာရန္တ** (ကာရန်) ဆိုသည်မှာ ဗျည်းအဆုံးသံနှင့် သရအဆုံးသံဟု ဆိုလိုသည်။ မြန်မာတွင် ဗျည်းအဆုံးသံမရှိသဖြင့် သရအဆုံးသံကိုပင် ကာရန်ဟု ဆိုရပေမည်။ ကာရန် ၆၄ ပါးဆိုသည်မှာ သရသံများဟုပင်ဆိုရပါမည်။ ထိုတွင် ကာရန် ၆၄ ပါးကို လေ့လာလျှင် အရေးအားဖြင့် ကာရန် ၆၄ ပါးရှိသော်လည်း အသံအားဖြင့် ကာရန် ၄၆ ပါးသာရှိသည်ကို တွေ့ရပါမည်။ ဤသည်မှာ စံမြန်မာဘာသာစကားကို အခြေခံ၍ ရေတွက်ခြင်းဖြစ်ပါသည်။ ဒေသိယဘာသာစကားနှင့် ဆက်စပ်စဉ်းစားလျှင် ကိန်းဂဏန်းများ တစ်မျိုးတစ်မည် ပြောင်းလဲနိုင်ပါသေးသည်။(ဇယား- နောက်ဆက်တွဲ - ဂ)

အရေးကာရန် ၆၄ ပါးရှိသော်လည်း အသံအားဖြင့် ၁၈ သံ ထပ်နေသဖြင့် အသံကာရန် ၄၆ သံ မျှသာရှိသည်ဟု ဆိုခြင်းဖြစ်သည်။ ထပ်နေသော အသံ ၁၈ သံမှာ (အင် အင့် အင်း နှင့် အဉ် အဉ့် အဉ်း၊ အီ အိ အီး နှင့် အည် အည့် အည်း၊ အတ် အိတ် အုတ် နှင့် အပ် အိပ် အုပ်၊ အန် အန့် အန်း နှင့် အမ် အမ့် အမ်း၊ အိန် အိန့် အိန်း နှင့် အိမ် အိမ့် အိမ်း၊ အုန် အုန့် အုန်း နှင့် အုမ် အုမ့် အုမ်း တို့ဖြစ်ကြပါသည်။)

၄၆ သံတွင် ထူးခြားသောအသံ ၄ သံ ကို ပေါင်းရပါမည်။ ၄ သံမှာ အွတ်၊ အွန်၊ အွန့်၊ အွန်း ဟူသော အသံများဖြစ်ပါသည်။ ထိုအခါ အသံ ၅၀ ဖြစ်လာပါမည်။ ထိုတွင် မတြာဝက် အ ၏ အသံကို ထည့်ပါက အသံပေါင်း ၅၁ သံဖြစ်လာပါသည်။ ယင်း ၅၁ သံမှာ သရသံများဖြစ်ပါသည်။


ဤသို့အားဖြင့် မြန်မာဘာသာတွင် သရသံပေါင်း ၅၁ သံ ရှိသည်ဟု လက်ခံထားကြပါသည်။ မြန်မာဘာသာတွင် အီ၊ အေ၊ အယ်၊ အာ၊ အော်၊ အို၊ အူ ဟူသော အခြေခံသရ ၇ လုံးကို ပွားခြင်းဖြင့်လည်း သရသံပေါင်း ၅၁ သံရှိသည်ကို သိနိုင်ပါသည်။ ( ဇယား - နောက်ဆက်တွဲ - ဃ )

ချုပ်၍ဆိုရသော် မြန်မာဘာသာတွင် သရအရေအတွက် မည်မျှရှိသည်ကိုသိလိုပါက သင်ရိုးသရ ၁၂ လုံးမျှကို ထုတ်ပြ၍ ပြည့်စုံမည်မဟုတ်ပါ။ မြန်မာဘာသာတွင် သရသံပေါင်း ၅၁ သံရှိသည်ဟု ဆိုပါမှ ပြည့်စုံမည်ဟုဆိုနိုင်ပါမည်။ ။


ရသစုံစာစု

# တန်ဆောင်ည လသာသာ









သီတာအောင်နှင့် နီလာအောင်သည် အမြွှာညီအစ်မများဖြစ်ကြ၏။ သူတို့မိသားစုမှာ ဆားလင်းကြီးမြို့ ချမ်းသာရပ်တွင်နေထိုင်ကြသည်။ ယနေ့ညကား တန်ဆောင်မုန်းလပြည့်ညဖြစ်၍ လမင်းကြီးက ထိန်ထိန်သာလျက်ရှိပေသည်။ ရွာလယ်လမ်းတစ်လျှောက် ဆီမီးမြိုင်မြိုင်ထွန်းထား၍ တစ်ရွာလုံးဝင်းပနေတော့သည်။ သီတာအောင်တို့ညီအစ်မလည်း အဝတ်အစားသစ်သစ်လွင်လွင်ဖြင့် လှချင်တိုင်းလှနေပေတော့သည်။

သူတို့မိခင်ကား မဲဇလီဖူးသုပ်များကို ဘူးလေးများနှင့် ထည့်နေသည်။ "သမီးတို့ရေ လာကြဟေ့၊ ရွာထဲကို မဲဇလီဖူးသုပ်သွားဝေကြတော့ဟေ့" ဟု ခေါ်လေသည်။ တန်ဆောင်မုန်းလပြည့်ညသည် နက္ခတ်တာရာများစုံသည့်ညဖြစ်သည်။ ယင်းည၌ မဲဇလီပင်တွင် နတ်ဒေဝါတို့ စည်းဝေးသဘင် ဆင်ယင်ကျင်းပသဖြင့် ဆေးပေါင်းခသည်ဟု ယုံကြည်ကြသည်။ မဲဇလီ အဖူး၊ အရွက်၊ အသီးတို့ကို ဆေးအဖြစ် စားသုံးကြသည်။ မဲဇလီဖူးသုပ်၍ ကုသိုလ်ယူလှူဒါန်းခြင်းသည်လည်း ရွာဓလေ့တစ်ခုဖြစ်လေသည်။ သီတာအောင်တို့ ညီအစ်မနှစ်ဦးသည် ရွာထဲလှည့်လည်၍ မဲဇလီဖူးသုပ်ဝေငှကြ၏။ ရွာလယ်လမ်းတွင်တွေ့ဆုံရသည့် ပဉ္စမတန်းမှ အတန်းတူ ကျော်ကျော်၊ ဆဋ္ဌမတန်းမှ မြင့်အောင်နှင့် ရီရီတို့လည်း လိုက်ပါခဲ့ကြလေသည်။ အားလုံးဝေငှပြီးသော် သီတာအောင်တို့၏ အဘိုးအဘွားအိမ်တွင် နားကြလေသည်။

"လာကြဟေ့ ငါ့မြေးတွေ မောလာပြီလား" အဘိုးကနှုတ်ဆက်၏။ “မောပါဘူးဘိုးဘိုးရယ် ပျော်လာကြတာပါ” ဟု ဖြေ၏။

“အေး ထိုင်ကြ စားကြဟေ့"

အိမ်ရှေ့ကွပ်ပျစ်တွင် ဝိုင်းထိုင်ကြသည်။ အဘွားက ရေနွေးကြမ်း၊ မဲဇလီဖူးသုပ်များ၊ မုန့်ဆီကြော်များ ချကျွေးလေသည်။

"မနက်က ရွာဦးကျောင်းကထိန်မှာ အိုးစည်ဒိုးပတ်နဲ့ကရလို့ ပျော်နေသလား ကျော်ကျော်ရေ" ဟု အဘိုးကမေး၏။

“ပျော်တာပေါ့အဘိုးရယ်၊ ဒါထက် အဘိုးရေ မနက်အစောကြီး အရုဏ်တက်မှာ ထကပ်တဲ့ မသိုးသင်္ကန်းအကြောင်း ရှင်းပြပါလားဗျာ” ဟု ကျော်ကျော်ကမေး၏။

“ဒီလိုကွ ငါ့မြေးရဲ့ ခုလိုတန်ဆောင်မုန်းလမှာ ကထိန်သင်္ကန်း၊ မသိုးသင်္ကန်း၊ ကြာသင်္ကန်းတွေ ကပ်လှူလေ့ရှိကြတယ်။ ကထိန်သင်္ကန်းကတော့ မနက်က ဘုန်းတော်ကြီးရှင်းပြလို့ မင်းတို့သိကြရောပေါ့။ အေး မသိုးသင်္ကန်းဆိုတာရှင်းပြမယ်၊ ကျန်တဲ့ မြေးလေးတွေလည်း နားထောင်နော်” ဟု ဘိုးဘိုးကပြော၏။ “ဟုတ်ကဲ့ဘိုးဘိုး" ဟု ပြိုင်တူဖြေကြလေသည်။

"မသိုးသင်္ကန်းဆိုတာ နောက်နေ့ကိုကူးမသွားစေဘဲ အရုဏ်မတက်မီ နေ့ချင်းပြီး ပြုလုပ်လှူဒါန်းရတဲ့သင်္ကန်းလို့ အဘိုးမှတ်သားထားတယ်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ဝင်တာနဲ့ တစ်ပြိုင်နက် ရွာသူရွာသားတွေ၊ ဖိတ်ကြားထားသူတွေက ဝါစေ့ကိုကြဲပက်ရတယ်၊ “စတိ” ပေါ့ကွယ်၊ အဲဒီလို စတိကြဲပက်ပြီးရင် ဝါပေါက်ကိုကောက်ပြီး ဝါဖန်ကြတယ်၊ ဝါကြိတ်ကြတယ်၊ ဝါဂွမ်းကို ဝါဖတ်ရတယ်၊ ဂွမ်းဖတ်ကို ဗိုင်းတောင့် လိပ်ကြရပြန်တယ်၊ ဗိုင်းတောင့်ကို ချည်ငင်၊ ချည်ငင်ကို ယောက်ကြရတယ်၊ ယောက်ပြီးတဲ့ ချည်ခင်တွေကို ဆေးဆိုး၊ အစာတင်ပြီး မီးမှာလှန်းကြရတယ်၊ သွေ့ခြောက်သွားတဲ့ချည်တွေကို ရက်ဖောက်ဖောက်၊ ရက်ကန်းရှယ်ပြီးရင် ရက်ကန်းစင်မှာတင်ပြီး ရက်ကြတာပေါ့၊ နေအရုဏ်မတက်မီ အမြန်ရက်ပြီး ချုပ်ပြီးတဲ့ သင်္ကန်းကို မြတ်စွာဘုရားအား ရည်စူးပြီး ကပ်လှူကြတယ်၊ ဒါကို မသိုးသင်္ကန်း လှူတယ်လို့ခေါ်တယ် ကလေးတို့"

“ဩော်...ဘိုးဘိုးရှင်းပြလို့ သိပါပြီရှင့်၊ အမောပြေ ရေနွေးကြမ်းလေးသောက်ပါဦးရှင့်" ဟု သီတာအောင်က ရေနွေးပန်းကန်ကို ကမ်းပေးသည်။ အဘိုးက တစ်ကျိုက်သောက်သည်။

“ဒါထက် အဘိုးရေ၊ ကျီးမနိုးပွဲဆိုတာလေးလည်း ရှင်းပြပါဦး” ဟု မြင့်အောင်က တောင်းဆိုသည်။ အဘိုးက “ဟေးဟေး ကျီးမနိုးပွဲကတော့ လူပျိုကာလသားတွေ အပျော်သဘောလုပ်ကြတာပါကွာ၊ တန်ဆောင်မုန်းလပြည့်ညက စောရနက္ခတ်လို့ခေါ်တဲ့ သူခိုးနက္ခတ်လည်း ထွန်းလင်းသကိုးကွ၊ - ဒါကြောင့် လူပျိုတွေ ဟိုအိမ်ကပစ္စည်းသည့်အိမ်ရွှေ့၊ ရွာထိပ်က ပစ္စည်း ရွာနောက်ရွှေ့နဲ့ လသာသာ အလုပ်များကြတာပါကွာ၊ မနက်လင်း ကြည့်လိုက်တော့ ကိုယ့်အိမ်ကပစ္စည်း သူ့အိမ်ရောက်၊ သူ့အိမ်ကဟာ ကိုယ့်အိမ်ရောက်နဲ့ ပျော်ပျော်ပါးပါးရယ်ကြမောကြ တို့ရွာရဲ့ တို့မြန်မာရဲ့ချစ်ကြည်တဲ့ သရုပ်ပါပဲကွာ” ဟု ရှင်းပြ၏။

ဟုတ်ပါရဲ့ ပျော်စရာကြီးနော် ဘိုးဘိုး၊ အဲဒီညမှာ အစ်ကိုကြီးတွေ - ကြက်ခိုးပြီး ဘူးသီးနဲ့ ချက်စားကြတာတဲ့ ဘိုးဘိုးရဲ့၊ သားကြီးရင် အစ်ကိုကြီးတွေနဲ့လိုက်မယ်ဘိုးဘိုးရာ" ဟု ကျော်ကျော်က ဝင်ပြောသည်။ အားလုံးရယ်မောကြ၍ နီလာအောင်က “ဒါထက် ဘိုးဘိုးရေ၊ မမကြီးတို့ ပုံ့သကူပစ်ကြမယ်ဆိုပြီး အထုပ်လေးတွေပစ်နေတယ်၊ အဲဒါလည်း ပြောပြပါရှင့်” ဟု မေးမြန်းသည်။ ဘိုးဘိုးက–

“အဲဒါကတော့ နီလာရေ၊ ဘယ်သူ့အတွက်ရယ်လို့မရည်စူးဘဲ ရတဲ့သူပျော်ပါစေဆိုတဲ့စိတ်နဲ့ လှူဒါန်းမှုတစ်မျိုးပဲ၊ ရှာတဲ့သူလည်း ပျော်စရာကောင်း၊ ရတဲ့သူလည်း ကြည်နူးရတဲ့ ဒါနတစ်ခုပါကွယ်၊ ပုံ့သကူအကြောင်း ရှင်းပြရရင်တော့ နည်းနည်းရှည်တယ်ငါ့မြေးရဲ့" ဟု ပြောကာ ရေနွေး တစ်ခွက်သောက်လိုက်၏။

“ဒီလိုငါ့မြေးရေ ပုံ့သကူဆိုတာ ပံသုကူလ ပါဠိစကားက ဆင်းသက်တယ်၊ မြေမှုန့်ကဲ့သို့ စက်ဆုပ်ဖွယ်ကောင်းသောအဝတ်လို့ဆိုတယ်၊ ရှေးတုန်းက ရဟန်းတော်တွေဟာ သင်္ကန်းအတွက် လူတွေစွန့်ပစ်ထားတဲ့ အဝတ်စတွေကိုရှာရတယ်၊ အဝတ်စတွေ့နိုင်တဲ့နေရာက အမှိုက်ပုံနဲ့ သင်္ချိုင်းကုန်းဖြစ်တယ်၊ ဟိုတုန်းက လူတွေသေတဲ့အခါမှာ အလောင်းကို အဝတ်ပတ်ပြီး သုသာန်တစပြင်မှာ ပစ်ထားလေ့ရှိကြတယ်၊ အဲဒီ ပစ်ထားတဲ့အပတ်ကိုကောက်၊ သစ်ခေါက်ရည်ဆိုး၊ ချုပ်ပြီး သင်္ကန်းဝတ်ရတယ်၊ ဒီသင်္ကန်းကို ပုံ့သကူလစီဝရံ ပုံ့သကူသင်္ကန်းလို့ ခေါ်ကြတယ်၊ ဒ့ါကြောင့် ပုံ့သကူဆိုတာ လူတို့စွန့်ပစ်ထားသောပစ္စည်းလို့ ဆိုလိုတာပေါ့”

“ဟုတ်ကဲ့ ဘိုးဘိုး ဆက်ပြောပါရှင့်” ကလေးတို့နားထောင်ကြ၏။ “အေး ပုံ့သကူပစ်ခြင်းရဲ့အစကို ပြောရမယ်ဆိုရင်တော့အခါ တစ်ပါးမှာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးဟာ ဝတ်ရုံထားတဲ့သင်္ကန်းက ဟောင်းနွမ်းနေလို့ ပုံ့သကူ အဝတ်ရှာဖို့ထွက်ခဲ့တယ်၊ အဲဒီနေ့ကလည်း တန်ဆောင်မုန်းလပြည့်နေ့ဖြစ်နေတယ်၊ မထေရ်မြတ်ကြီးရဲ့ ဘဝဟောင်းက ဇနီးတော်စပ်ခဲ့တဲ့ ဇာလိနီနတ်သမီးဟာ မထေရ်ကြီးကောက်ယူနိုင်အောင် နတ်အဝတ်သုံးထည်ကို အမှိုက်ပုံမှာစွန့်ပစ်ခဲ့တယ်၊ ဒ့ါကြောင့် “ပုံ့သကူအစ ဇာလိနီ" က လို့ဆိုကြတယ်၊ ခုခေတ်မှာလည်း လပြည့်နေ့ မနက်စောစောမှာ လူအများရကြပါစေဆိုတဲ့ စေတနာနဲ့ ကိုယ်တတ်နိုင်တဲ့ ပစ္စည်းလေးတွေ စွန့်ပစ်လှူဒါန်းလေ့ရှိကြတယ်လို့ အဘိုးမှတ်သားထားပါတယ် မြေးတို့ရေ” ဟု ဘိုးဘိုးက ရှည်လျားစွာ ရှင်းပြလေ၏။

“ဟုတ်ပါတယ်၊ တန်ဆောင်မုန်းလပြည့်ညကတော့ ပျော်စရာတွေ၊ ကုသိုလ်ဒါနတွေများလှတဲ့ ညတစ်ညပါပဲကွယ်” ဟု အဘွားက ဝင်ပြောလေသည်။

“ကဲ မြေးလေးတို့ အမေမျှော်နေမယ်ပြန်ကြပေဦး၊ နောက်ညကျမှ ဘိုးဘိုးက တန်ဆောင်မုန်းလထဲမှာ ကျရောက်တဲ့ အမျိုးသားအောင်ပွဲနေ့ အကြောင်းပြောပြရဦးမယ်” ဟု ဘိုးဘိုးကမှာကြား၏။

“ဟုတ်ကဲ့ ဘိုးဘိုးနဲ့ဘွားဘွား သမီးတို့ပြန်ပါဦးမယ်” ဟု ရီရီက ပြောကာ ပျော်ရွှင်စွာ ပြန်ခဲ့ကြလေသည်။ အပြန်လမ်းတစ်လျှောက်တွင်ကား လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ မြောက်လေအငွေ့ဝယ် ခဝဲပန်းရနံ့လေးများ သင်းပျံ့၍ နေပေတော့သည်တကား။ ။

သက်ဦးခင်

မြန်မာမလေးသို့

## မြတ်နိုးတန်ဖိုးထားစွာကျေးဇူးပြုပါ



ချစ်လှစွာသောမြန်မာမလေးရေ...

အမေ့ဝမ်းက ကျွတ်လာခဲ့တဲ့အချိန်ကတည်းက "ချိုမိုင်မိုင်" ကစလို့သင်ပေးခဲ့တဲ့ "သင်ညာ"တွေရယ်၊ ချင့်ချိန်ဝေဖန်နိုင်တဲ့"ပညာ"ရပ်တွေဆိုတာ လက်ဦးမိဘဆရာတွေ မရှိဘဲ ဘယ်လိုမှ မတတ်မြောက်နိုင်ပါဘူး။ မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်တဲ့၊ အမှားနဲ့အမှန်ဝေဖန်ပိုင်းခြားနိုင်အောင်လမ်းညွှန်ပေးတဲ့သူဟာ အခုလောလောဆယ်ဆယ်မှာ ကိုယ်နဲ့အဆင်မပြေတဲ့သူ ဖြစ်ချင်ဖြစ်နေပါစေ၊ သူဟာ ကိုယ့်ရဲ့တစ်ချိန်က ကျေးဇူးရှင်ဆရာပါပဲ။ သူသင်ပေးလို့ အတတ်ပညာတွေကိုသင်ယူတတ်မြောက်ပြီးခါမှ အခုသူနဲ့ငါအဆင်မှမပြေတာဘဲ သူ့ကိုငါ ကျေးဇူးတင်နေဖို့ မလိုပါဘူးဆိုတဲ့အယူအဆရှိခဲ့ရင်တော့ သင်ဟာ မကြာခင်မှာပဲ ကျဆုံးတော့မယ့်သူတစ်ယောက်ဖြစ်မှာ သေချာနေပါပြီ။

ဒါကြောင့် လက်ဦးဆရာဖြစ်တဲ့ အဘိုး၊ အဘွား၊ မိခင်၊ ဖခင်နဲ့ အတန်းပညာရပ်တွေကို သင်ကြားပို့ချပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေ၊ အသက်မွေးမှုအတတ်ပညာတွေ၊ ဘဝအတွက်သင်ခန်းစာတွေကို လမ်းညွှန်ပေးတဲ့သူတွေ အားလုံးရဲ့ကျေးဇူးကို ဘယ်လိုဘဝအခြေအနေမျိုးမှာပဲ ရှိနေရှိနေ ကျေးဇူးမကန်းမိကြပါစေနဲ့လို့ ချစ်ခြင်းအားဖြင့် သတိပေးပါရစေ....။

သင်ဆရာဖြစ်စေ၊ မြင်ဆရာဖြစ်စေ၊ ကြားဆရာဖြစ်စေ မိမိမှာရှိနေတဲ့ စိတ်ခွန်အားတွေ၊ ဉာဏ်ပညာတွေ၊ စီးပွားဥစ္စာတွေ တိုးသထက်တိုးပွားပြီး ချမ်းသာချင်တဲ့သူဖြစ်ချင်ပါတယ်ဆိုရင်ဖြင့်....

ကျေးဇူးတရားတွေကို မြတ်မြတ်နိုးနိုးနဲ့ထုတ်ဖော်ပြောတတ်လာအောင် ကြိုးစားကြည့်ပါနော်။

ခင်လေး(ပြည်ထောင်စုနယ်မြေ)

## ရယ်စေပြုံးစေ

မိန်းမက နိုင်သွားလို့

| | |
|---|---|
| ပထမလူ ။ | ။ ညကအိပ်မက်မက်တာ ကြောက်စရာကောင်းလိုက်တာများ။ |
| ဒုတိယလူ ။ | ။ ဘယ်လိုမက်လို့လဲဗျ။ |
| ပထမလူ ။ | ။ အိပ်မက်ထဲမှာ ဘီလူးကြီးတစ်ကောင်နဲ့ ကျွန်တော့်မိန်းမနဲ့ နပန်းသတ်နေကြတာဗျ။ |
| ဒုတိယလူ ။ | ။ ဘာလဲ။ ခင်ဗျားမိန်းမရှုံးသွားလို့လား။ |
| ပထမလူ ။ | ။ ဘယ်ကလာဗျာ ကျွန်တော့်မိန်းမနိုင်သွားလို့ဗျ။ |

ဖိုးပြုံးချို

# ညွှန်းစံပြရိုး အမျိုးသားဂုဏ်အင် မွမ်းမံဆတိုး အကျိုးတရားစုံလင်

**ပြည်စိုးညိမ်း**



**ငွေစန်းရယ်တဲ့ ပုဏ္ဏမီ။**
**ရွှေကျီးညို တာရာနှင့်**
**ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်**
**ချမ်းစရာသီ။**

**ရှေးစာဆို**

အချိန်ကား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက် ညနေဆည်းဆာ။ နေရာကား နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ ရေပန်းရင်ပြင်တော်။ သပ္ပာယ်လှစွာ ပြုံးတော်မူနေသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကြည်ညို ဖွယ်မျက်နှာတော်ကို စိတ်နှလုံးချမ်းမြေ့ ကြည်နူးဖွယ် ဖူးမြော်တွေ့မြင်ခွင့်ရနေသည့်မြင်ကွင်းအခြေအနေ။

ရင်ပြင်တော်မှာ တစ်နံတစ်လျားကြီးဖြစ်၏။ ပြန့်ပြူးကျယ်ဝန်းသော ဧရိယာကြီးလည်းဖြစ်၏။ အရှေ့ဘက်ကောင်းကင်၌ ပြည့်ဝိုင်းစပြုနေပြီဖြစ်သော လပြည့်ဝန်းမှာ ရှမ်းရိုးမတောင်တန်းကြီးကို မေးတင်လျက် တရိပ်ရိပ်တက်လာနေသည်။ နေ့တစ်နေ့၏နိဂုံးနှင့် ညတစ်ည၏နိဒါန်းတို့ တွေ့ဆုံနှုတ်ဆက်ကြတော့မည့်အချိန်လည်းဖြစ်၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းဝယ် အရာရာသည် ပကတိအေးငြိမ်းကြည်သာလျက် သန္တရသတို့ဖြင့် ထုံမွမ်းနေသည်လည်းဖြစ်၏။ မုခ်ဦးမှဝင်၍ အနည်းငယ်လျှောက်လှမ်းမိသည်နှင့် ရေကန်တော်ကြီးများ၏ အေးချမ်းခြင်းနိမိတ်နှင့် သုဓမ္မာဇရပ်များ၏ လှပတင့်တယ်ခြင်းတို့က ငုံ့လင့်ဆီးကြို၍နေသည်။ ထိုမှသည် ခမ်းနားလေသမျှ သမိုင်းတန်ဖိုးကြီးမားသော ဗိသုကာလက်ရာမြောက် ကျောက်စာရုံများ၊ မုစလိန္ဒရေအိုင်၊ တံခွန်တိုင်၊ မင်္ဂလာတံတား၊ ဗောဓိပင်၊ အင်ကြင်းပင်၊ လင်းလွန်းပင်တို့နှင့်တကွဖြစ်သော ဗုဒ္ဓဥယျာဉ်တော်ကြီးကား ရင်သပ်ရှုမောဖွယ်။

ထိုပရိဝုဏ်ကြီးအတွင်း၌ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် အရောင်အသွေးစုံလင်လှသော ဘုရားဖူးပြည်သူတို့မှာ ထောင်သောင်းမက များလှချေသည်။ ပျားပန်းခပ်မျှဟုဆိုရပါမည်။



ထိုဘုရားဖူးပြည်သူတို့မှာ ရပ်ဝေးမှလာကြသည်ဆိုသော်ငြား ပင်ပန်းနွမ်းနယ်နေဟန်မရှိ။ ပျော်ရွှင်အေးချမ်းခြင်း၊ နှစ်သက်ကြည်နူးခြင်းတို့နှင့်အတူ ရွှင်လန်းလျက်ရှိကြသည်ကို တွေ့ရပါ၏။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးသို့ ကြည်ညိုစွာပါဝင်ဆင်နွှဲနိုင်ရန် အားခဲရောက်ရှိလာကြခြင်းဖြစ်သည်။ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည့် အမျိုးသားဂုဏ်အင်ပွဲတော်ကြီးတစ်ရပ်အဖြစ် အလေးအမြတ်ပြု လာရောက်ကြခြင်းလည်းဖြစ်သည်။

နောက်ထပ်ထူးခြားချက်တစ်ရပ်မှာ ပြီးခဲ့သည့်နှစ်မှစ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတို့ကို နိုင်ငံတော်အစိုးရကဦးဆောင်၍ စည်ကားသိုက်မြိုက်စွာဆင်ယင်ကျင်းပပေးခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ်တွင်လည်း ကြည်ညိုသဒ္ဓါစိတ်အရင်းခံဖြင့် ရုပ်ပွားတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်သို့ စုစည်းရောက်ရှိလာကြခြင်းပင်ဖြစ်ပါ၏။

မကြာမီ ဒုတိယအကြိမ်မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထက်ကောင်းကင်ယံ၌ လပြည့်ဝန်းကြီးသည်ရွှန်းရွှန်းမြမြပေါ်ထွက်လာလေပြီ။ ဘုရားဖူးပြည်သူများကို သူ့ရင်ခွင်အတွင်းပွေ့ပိုက်ထားသော ရေပန်းရင်ပြင်တော်ကြီးအား ညင်သာစွာတိုက်ခတ်နေသောလေနုအေးနှင့် တဖိတ်ဖိတ် တောက်ပနေသော ငွေလစန္ဒာ၏ဘောင်ငွေရောင်အသွေးတို့က တန်ဆာဆင်ထားလျက်ရှိနေပါ၏။

မီးပုံးပျံလွှတ်တင်ပြိုင်ပွဲဝင်မည့်သူများ သတ်မှတ်နေရာအသီးသီးသို့ ဝင်ရောက်လာကြသည်။ နတ်သမီးဝတ်စုံဆင်မြန်းထားသည့် အမျိုးသမီးငယ်များကလည်း လှပသောဖဲကြိုးများကို ကိုင်ဆောင်၍ နေရာယူထားကြ၏။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ ဝင်ရောက်လာချိန်တွင် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက မီးကြာခွက်များကိုင်၍ ကြိုဆိုနေကြပုံ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုးနှင့် ဒေါ်မိုးအကတို့ဖြင့် ကြိုဆိုနေကြပုံ၊ တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်များတီးမှုတ်၍ ကြိုဆိုနေကြပုံ၊ နိုင်ငံတော်အကြီးအကဲမှ အပြုံးနှင့် တုံ့ပြန်နှုတ်ဆက်နေပုံ မြင်ကွင်းတို့မှာ မင်းနှင့်ပြည်သူ ချစ်ကြည်ဖြူခဲ့ကြသည့် မြန်မာတို့၏ အတိတ်သမိုင်းကြောင်းမှ လွမ်းမောဖွယ်ပုံရိပ်ဟောင်းများကိုပင် ပြန်ပြောင်းအောက်မေ့ဖွယ်ဖြစ်မိရသည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့က အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ လှပသောရောင်စုံမိုးပျံပူဖောင်းများ ထက်ကောင်းကင်ယံသို့ လွင့်ဝဲပျံတက်သွားသည်။ တစ်ချိန်တည်းမှာပင် မီးပုံးပျံငယ် အလုံး ၅၀၀ တို့ကလည်း အထက်သို့ ပျံတက်သွားကြသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်လိုက်သည်တွင် ညဦးယံ၏ အမှောင်ရိပ်လွှမ်းစကောင်းကင်ပြင်မှာ တောက်ပသောအရောင်တို့ဖြင့် ဝင်းလက်ပြိုးပြက်သွားသည်။ ထိုစဉ် "မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်"တေးသီချင်းက မြိုင်မြိုင်ဆိုင်ဆိုင်ပင် ပေါ်ထွက်လာသည်။ တေးသီချင်းများဖြင့် ဖျော်ဖြေနေကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက စိန်နားပန်မီးပုံးပျံနှင့် ညမီးကျည်(ညမီးကြီး) မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထက်အာကာကောင်းကင်နန်း၌ ရောင်စုံမီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်လျက်ရှိသည်။ ညမီးကျည်၊ စိန်နားပန်နှင့် မီးပုံးပျံငယ်တို့မှာ မိုးယံ၌ ရောင်စုံလွှမ်းကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ၎င်းတို့၏ ရောင်စုံမီးအလင်းတန်းများနှင့် ညွှတ်တွားပူဇော်နေကြဘိသို့ ရှိလေသည်။

မီးပုံးများလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ကြည်ကြည်နူးနူး၊ ပျော်ပျော်ရွှင်ရွှင် သီဆိုကပြဖျော်ဖြေကြသည်။ ထောင်ပေါင်း




များစွာသော ဘုရားဖူးပြည်သူများမှာ ရင်ပြင်တော်တစ်လျှောက် အကအလှများကိုကြည့်ရှုခံစားရင်း၊ တေးသီချင်းသံသာများကို နားဆင်ခံစားရင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရင်းတနှီးပင် ထိတွေ့ဆက်ဆံ၍ မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်ပေးသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညိုသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ပါဝင်ဆင်နွှဲရောက်ရှိလာကြသည့်ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးများကို အတူတကွထွန်းညှိပူဇော်ပေးနေသည့် မြင်ကွင်းပုံရိပ်များမှာ ကျက်သရေအပေါင်းကို ဆောင်လျက်ရှိသည်။ ဘာသာတရား၊ ထုံးဓလေ့နှင့် မိမိတို့၏ အမျိုးသားဂုဏ်အင်အပေါ်ထားရှိသည့် အကြီးအကဲ၏ လေးနက်သောခံယူချက်မှာ ရဟန်းရှင်လူ၊ ပြည်သူတို့နှင့် အတူတစ်သားတည်းကျ၍ တစ်ထပ်တည်းဖြစ်ကြောင်း ခိုင်မာသည့်သက်သေပြဆိုချက်မြင်ကွင်းများပင်ဖြစ်သည်။ အကြီးအကဲ၏ အမျိုး၊ ဘာသာ၊ သာသနာကို လေးမြတ်စွာဦးထိပ်ပန်ဆင်ဆောင်ရွက်လေ့ရှိသည့် ကမ္ပည်းစာမျက်နှာများဟုပင် ဆိုရပါမည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း LED မီးများဖြင့် အလှဆင်ထားသည်မှာ ရှုမငြီးဖွယ်ဖြစ်သည်။ ခမ်းနားထည်ဝါလှသော ဗိသုကာလက်ရာများကို ပိုမိုပေါ်လွင်စေသည်။ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများကလည်း စီရရီ။ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်တန်းကြီးကလည်း တစ်နံတစ်လျား။ ထက်ကောင်းကင်၌ ကြည်လင်အေးချမ်းသော စန်းလသော်တာသည် ထိန်ထိန်ဖြာလျက်။ မြန်ပြည်တစ်ဝှမ်း ဘေးမသန်းဘဲ ချမ်းမြပျော်စရာ ချိန်ခါမယွင်းတော့မည့် နိမိတ်ပါပေ။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကြီးကျင်းပသည့်နေ့ပင် ဖြစ်ပါပေ၏။ ဖွင့်ပွဲအခမ်းအနားကြီးကို နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ် မင်္ဂလာငွေခရု သုံးကြိမ်မှုတ်၍ပူဇော်ကြသည်။

ထို့နောက် မင်္ဂလာရွှေမောင်းတော် တီးခတ် အချက်ပေးလိုက်သည်တွင် ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ပြိုင်ပွဲဝင်များမှာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရက်ကန်းစင်တော် ၁၅ ဖွဲ့ဖြစ်သည်။

**စာမျက်နှာ ၁၃ သို့ ◆**

**◆ စာမျက်နှာ ၁၂ မှအဆက်**

ရက်ကန်းအဖွဲ့များမှ အပြိုင်အဆိုင်ယှဉ်ပြိုင်ရက်လုပ်နေကြချိန်တွင် အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် ပါဝင်အားဖြည့်၍ ပျော်ပျော်ပါးပါးတီးမှုတ်သီဆိုကြသည်။

အခမ်းအနားတက်ရောက်လာကြသူများကလည်း မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ပူဇော်ကြသည်။ ထိုမြင်ကွင်းများကိုမြင်ရသည်မှာ စည်းလုံးညီညွတ်မှု၏ စွမ်းအား၊ ချစ်ကြည်ရင်းနှီးမှု၏စွမ်းအားနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်သည့်အခါ ထွက်ပေါ်လာသည့်ရလဒ်နှင့်စွမ်းအားတို့ကိုလက်တွေ့ကျကျ မျက်ဝါးထင်ထင် သိရှိခံစားရစေပါ၏။ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအပေါင်းတို့မှာ ပထမနေ့ကထက်ပင် ပို၍များပြားလာကြပုံရသည်။ ဗုဒ္ဓဉယျာဉ်တော်နှင့် ရင်ပြင်တော်တစ်လျှောက် တိုး၍မျှမပေါက်နိုင်အောင် စည်ကားများပြားလှချေသည်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့မှာ ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက်စိတ်ဝင်တစားကြည့်ရှု၍ လှည့်လည်အားပေးကြသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများနှင့်လည်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ အပြုံးချင်းဖလှယ်ကြရုံမျှမက မေတ္တာခေတ်ချင်းကူးလူးဆက်နွှယ်ကြသည့်ပွဲဟုလည်း ဆိုရပါမည်။

ဝတ်အသင်းများက ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ အသံမစဲ မဟာပဋ္ဌာန်းများလည်း ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ မီးရှူးမီးပန်းများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများကိုလည်း လွှတ်တင်ပူဇော်လျက်ရှိသည်။ ရက်ကန်းစင်တော်များကလည်း အပြိုင်အဆိုင် ရက်လုပ်ပူဇော်လျက်ရှိသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးမှာ ဘယာမသန်းအောင်လို့ မဟာပဋ္ဌာန်းဒေသနာတော်နှင့်ပူဇော်ကာ ဦးတော်ညွတ်သည့်ပွဲဟုဆိုရပါမည်။ ရောင်စုံလှိုင် ထိန်ထိန်ညီးသည့် ဆီမီးမြိုင်သည့်ပွဲဟု ဆိုရပါမည်။ ရက်ကန်းရက်အပြိုင်အဆိုင် ပိုင်နိုင်သည့် လက်အစွမ်းနှင့် ကထိန်လျာပေါင်းစုကြိုးစားကြသည့် မသိုးသင်္ကန်းကပ်လှူပွဲဟုဆိုရပါမည်။

ပြိုင်ပွဲဝင်ကြသူ၊ အားပေးကြသူများ ခြိမ့်ခြိမ့်သဲစည်ကားလျက် ပျော်ပွဲအစုံစုံ၊ ရှင်ပွဲအဖုံဖုံတို့ဖြင့် သိုက်မြိုက်စည်ကားလှသည်လည်း ဖြစ်ပါ၏။ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ရင်း ပျော်ပွဲများဆင်နွှဲနိုင်ရန် ကျန်းမာရေးဝန်ထမ်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ပေးထားသည်ကိုလည်း တွေ့ရပါ၏။

ရက်လုပ်ပြီးစီးသည့် မသိုးရွှေကြာသင်္ကန်းတော်များကို နိုဝင်ဘာလ ၁၅ ရက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ကာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့်



၃၁ ဘုံ သားတို့အား မေတ္တာပြု၍ ကုသိုလ်အမျှပေးဝေကြသည်။

ပွဲတော်၏ နောက်ဆုံးညဖြစ်သော တန်ဆောင်မုန်းလပြည့်ညကား လှလည်းလှ၍ သာလည်းသာ လှပါ၏။ သာမညဖလ အခါတော်ကျင်းပသည့် အချိန်အခါလည်း ဖြစ်ပါ၏။ ဆောင်းဦးပေါက် လေပြည်သည် နုထွေးညင်သာစွာ တိုက်ခတ်လျက်။ ကောင်းကင်ပြာပြာမှာ မြူတိမ်ကင်းစင်နေ၏။ ဖြူဖြူဖွေးဖွေး ဘော်ငွေရောင်လမင်းကြီးနှင့်ပြာပြာလွင်သောကောင်းကင်သာရှိ၏။ တိမ်ဆို၍ ကြက်မတစ်ဝပ်စာမျှပင်မရှိ။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများမှာ တစ်ရက်ထက်တစ်ရက် တိုး၍သာများလာပါ၏၊ အပြုံးမျက်နှာကိုယ်စီဝယ် အပြုံးပန်းတို့ တဝေဝေ ပွင့်လျက်ရှိ၏။ ကြည်နူးခြင်း ပီတိအဟုန်ဖြင့်လန်းရွှင်လျက်ရှိ၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို လပြည့်နေ့၏ ညဦးပိုင်းတွင် ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ တာဝန်ရှိပုဂ္ဂိုလ်များအပြင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ၊ ဘုရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များပါ စုံလင်စွာတက်ရောက်ကြသည်ကို တွေ့ရသည်။ ထူးခြားလေးနက်သော မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် နှစ်သက်ဝမ်းမြောက်နေပုံမှာ ဧည့်သည်တော်များ၏မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ တစ်ခဲနက် လာရောက်ကြည့်ရှုကြသည်။

အကြီးအကဲနှင့်ဇနီးတို့သည် ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆီမီးများထွန်းညှိကြသည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့်နေရာသို့ လာရာလမ်းတစ်လျှောက်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကြိုဆိုနေကြပုံမှာ ရှုမငြီးနိုင်အောင်ပင် ဖြစ်သည်။ ပွဲတက်ရောက်လာသူများနှင့် ကြိုဆိုကြသူတို့မှာ အပြုံးချင်းဖလှယ်ကာ ရင်းနှီးချစ်ကြည်မှုတို့ အပြန်အလှန်ဖြစ်ထွန်းတိုးပွားလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးတို့က မီးပုံးပျံများလွှတ်တင်ယှဉ်ပြိုင်နေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်၊ ထူးခြားသောအစီအစဉ်တစ်ရပ်အဖြစ် ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မြတ်ရောင်ခြည်စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းပင် ဖြစ်သည်။ မီးပုံးပျံ၏ကိုယ်ထည်တွင် ကနုတ်ပန်းခက်များ၊ ကြာပန်းခက်များအလှဆင်ထားသည့်အပြင် မီးပုံးပျံအောက်ဆွဲတွင် ကြာပန်းပုံနှင့် ဘုရားတီးရားစာသားကို မီးပုံးရောင်စုံများဖြင့် ချိတ်ဆွဲထားရှိလေသည်။

မီးပုံးပျံများလွှတ်တင်ယှဉ်ပြိုင်ရန်ပြင်ဆင်နေစဉ် တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများနှင့် တေးသီချင်းများကို မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြ ဖျော်ဖြေတင်ဆက်ပေးကြသည်။ ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲအတွက် ဆုအမျိုးအစားငါးဆုကို ပေးအပ်ချီးမြှင့်လေသည်။ အဖွဲ့လိုက်အတွက်ပေးအပ်သော ဆုများဖြစ်သည်ကို သတိထားမိပါသည်။ မှန်ပါ၏။ မသိုးရွှေကြာသင်္ကန်းရက်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တွင် တစ်ဦးတစ်ယောက်တည်းက ကိုယ့်သဘောကိုယ်ဆောင်ပြီး ပြုလုပ်၍မရပါ။ အဖွဲ့ဝင်အားလုံး၏ စည်းကမ်းကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှု၊ ချိတ်ဆက်ဆောင်ရွက်မှုတို့ဖြင့်သာ အကောင်းဆုံးဖြစ်အောင် ကြိုးစား ယှဉ်ပြိုင်ကြရသည်ဖြစ်ပါ၏။ ထိုနည်းတူပင် မီးပုံးပျံများ လွှတ်တင်ပူဇော်ရာတွင်လည်း အဖွဲ့သားအချင်းချင်းရိုင်းပင်းကူညီမှု၊ တိုင်ပင်နှီးနှောမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ကူးကြံဆမှု၊ စည်းကမ်းလိုက်နာမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုအခြေခံ၍ ဆောင်ရွက်ကြရသည်ဖြစ်ပါ၏။

ထို့နောက် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပါသည်။ ဆုများချီးမြှင့်ခြင်း၊ ဆုလက်ခံရယူခြင်း ပြုလုပ်သည့်အခါ ထောင်သောင်းမက များလှစွာသော ရဟန်းရှင်လူ ဘုရားဖူးပြည်သူတို့၏ ဂုဏ်ပြုလက်ခုပ်သြဘာသံများမှာ ထိလုမိုးယံ ဘဝဂ်လျှံမျှ သောင်းသောင်းညံလျက်ရှိနေပါသည်။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ဂုဏ်ပြုသည့် မင်္ဂလာရှိသောအခမ်းအနား



တစ်ရပ်ပင် ဖြစ်ပါပေသည်။

အလားတူပင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ မီးပုံးပျံလွှတ်တင်ခြင်းများအား ပျော်ရွှင်စွာကျင်းပဆင်နွှဲနေကြသည်ကို တွေ့ရသည်၊ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ဆောင်ရွက်ကြသည့်အပြင် စတုဒိသာအာဟာရကျွေးမွေးကုသိုလ်ပြုကြခြင်းများဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှုစိတ်ရင်းအား ပုံဖော်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရပါ၏။

နိုင်ငံတိုင်း၊ လူမျိုးတိုင်း၌ အစဉ်အဆက်လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် ယဉ်ကျေးမှု အမွေအနှစ်များ၊ ထုံးစလေ့အစဉ်အလာများ ရှိကြသည်သာဖြစ်၏။ ထိုအမွေအနှစ်များတွင် ဒြပ်ရှိယဉ်ကျေးမှုများလည်းပါ၏။ ဒြပ်မဲ့ယဉ်ကျေးမှုများလည်းပါ၏။ မည်သို့ပင်ဖြစ်စေ မိမိတို့၏ အမျိုးသားရေးစရိုက် လက္ခဏာများအဖြစ်၊ အမျိုးသားဂုဏ်အင်များအဖြစ် အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ကြသည်သာဖြစ်၏။ ထိုအခြင်းအရာတို့မှာ ကောင်းမြတ်မှန်ကန်သည်လည်းဖြစ်၏။ မိမိတို့၏ ဇာတိနှင့် အစဉ်အလာ၊ မျိုးနွယ်နှင့်ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်က အထွတ်အမြတ်ပြု၍ အလေးအနက်ထားခြင်းသည် မင်္ဂလာထိုက်သော အမှုကိစ္စဖြစ်၏။

ယခုမူကား ထိုမျှမကပါလေ။ မိမိတို့၏ စံကိန်းအညွှန်းတစ်ရပ်ဖြစ်သော အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရုံမျှမက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်းနှင့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကဲ့သို့သော အမျိုးသားဂုဏ်အင်ပွဲတော်ကြီးများကိုပါ မွမ်းမံဆတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်မှာ အံ့ချီးဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ပြသနိုင်ခြင်း၊ ဂုဏ်ယူမြတ်နိုးဖွယ် ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခြင်း၊ ဘာသာရေးအသိအမြင်များ တိုးပွားစေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေခြင်း၊ ငြိမ်းအေးသာယာမှုဖြစ်စေရန် ဆောင်ကြဉ်းပေးနိုင်ခြင်း စသည်ဖြင့် ပွဲတော်ကြီးမှပေးသော အကျိုးတရားတို့မှာ စုံလင်များပြားလှပါသည်။ သို့ဖြစ်ရကား တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက် ခမ်းနားအောင်မြင်စွာကျင်းပနိုင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း ပွဲတော်ကြီးမှာ **"ညွန့်စံပြရိုး အမျိုးသားဂုဏ်အင် မွမ်းမံဆတိုး အကျိုးတရားစုံလင်"** ပါပေသည်ဟု လှိုက်လှဲသောစိတ်နှလုံးဖြင့် ထောမနာပြုကျူးရင့်လိုက်ရပါသည်။ ။

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် လောတိဏ္ဏဗုဒ္ဓရက္ခိတကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပုံချိုကျေးရွာအဝင်လမ်းအား ကျောက်ရောမြေ(ရိုစာ) ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ ရွှေလိပ်ပြာဆီစက်လည်ပတ်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ စားသုံးဆီများအား ပြည်ပမှ တင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်း၌တိုးချဲ့ထုတ်လုပ်နိုင်ရေးမှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မြေယာရှင်းခြင်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ကျောက်စီရေမြောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# မိတ္ထီလာလွှင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းတွင် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်သည် နိုဝင်ဘာလ ၁၄ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ရာဂိမုန်တိုင်းအရှိန်ကြောင့် စမုံချောင်းအတွင်း ချောင်းရေများအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီး ရေကြီးရေလျှံ၍ ရေတိုက်စား ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကင်းတားဆည်ရေသောက်စနစ်၊ ကင်းတားလက်ဝဲမြောင်းမကြီး၏ စမုံရေငုတ်ပြွန်နှင့် ရေပေးမြောင်းများ၊ မိတ္ထီလာလွှင်ပြင်ရေတင်စီမံကိန်း၏ ရေတင်စနစ်များ၊ ရေတင်စက်ရုံများနှင့် ရေပေးမြောင်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေသောက်ဧရိယာများတွင်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်စီမံကိန်း၏ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေတင်စနစ်၊ ရေယူအဆောက်အအုံ၊ ရေတင်စက်ရုံ၊ ပန့်၊ မော်တာ၊ Transformer၊ ဓာတ်အားလိုင်းများ၊ ဆက်စပ်လျှပ်စစ်ပစ္စည်းများနှင့် ရေပေးမြောင်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေ၊ မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်စီမံကိန်း၏ ရေကြီးနစ်မြုပ်သွားသည့် မော်တာ၊ ပန့်နှင့် ဆက်စပ် လျှပ်စစ်ပစ္စည်းများအား အလျင်အမြန်ပြုပြင်ခဲ့၍ မိုးစပါး ၄၀၁၄ ဧက ဆက်လက်ရေပေးဝေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဒီဇိုင်းပုံစံများရေးဆွဲရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် မိုးစပါးစိုက်တောင်သူများအတွက် အောင်ရေရသည်အထိ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စမုံရေငုတ်ပြွန်အသစ်တည်ဆောက်မည့်နေရာ၊ ကင်းတားလက်ဝဲမြောင်း ရေကူးရေတင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ Control House, Transformer နှင့် လျှပ်စစ်လိုင်းများ ဆောင်ရွက်၍ စမုံရေငုတ်ပြွန်အနီး ယာယီအစီအစဉ်ဖြင့် စိုက်ပျိုးရေပေးဝေမှုအခြေအနေများအားလည်းကောင်း၊ မိတ္ထီလာလွှင်ပြင်လျှပ်စစ်ရေတင်စီမံကိန်းမှ ဆက်လက်ရေပေးဝေလျက်ရှိသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဆောင်းသီးနှံများ အပြီးစိုက်ပျိုးသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာနှင့်ဇေယျာသီရိမြို့နယ်အေးမြင့်သာယာကျေးရွာတောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည့် ဆောင်းသီးနှံစိုက်ခင်းများ စိုက်ပျိုးနိုင်မှုအခြေအနေများကို အားပေးပြီး သီးနှံများအချိန်မီစိုက်ပျိုးပြီးစီးရေးနှင့် ရေကြီးရေလျှံ နုန်းတင်မှုဖြစ်ပေါ်ခဲ့သော စိုက်ပျိုးမြေများ စနစ်တကျပြုပြင်ပြီး အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များအား တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ရေကြီးရေလျှံမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ထိခိုက်ခဲ့သည့် မိုးစပါးစိုက်ခင်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနတာဝန်ရှိသူများ၊ တောင်သူများပူးပေါင်း၍ အချိန်မီကုစားဆောင်ရွက်ပေးနိုင်ခဲ့သည့်နည်းတူ ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများနေရာတွင် ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရန် လိုအပ်သော စိုက်ပျိုးမြေပြုပြင်ခြင်း၊ မြေဆီလွှာဓာတ်ခွဲစစ်ဆေးပေးခြင်း၊ သွင်းအားစု ထောက်ခံချက်ပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုနိုင်ရေးဆိုင်ရာများကို သက်ဆိုင်သူအားလုံးတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းမှုမရှိစေရေးနှင့် တောင်သူများ၏ ဝင်ငွေပုံမှန်ရရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သီးနှံအလိုက် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးပြုစုရမည့် နည်းလမ်းများ၊ အဓိကသီးနှံစိုက်ကွင်းများ၏ ကန်သင်းနှင့် မြေလွတ်နေရာများတွင် ဝင်ငွေ အခြားသီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးကြရန်နှင့် တိရစ္ဆာန်အစာပင်များစိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တောင်သူများက ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဆောင်းသီးနှံများအပြီး စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့်လိုအပ်ချက်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ မေတ္တာပေါင်းကူးတံတားဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းသို့သွားရောက်ပြီး မေတ္တာပေါင်းကူးတံတားဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ သဲဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များက တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး သဲဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတနှင့်တာဝန်ရှိသူများက တံတားကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တံတားအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာသို့သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၂၀၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှတင်ပြသော ကျန်ရှိလမ်း ပေ ၁၀၀၀ ကို လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းမှာကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်မှ တက်ရောက်လာသော သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နှမ်းရိုးသဘာဝမြေဩဇာ အသုံးပြုကြရန် လယ်ယာမြေများသို့သွားရောက်၍ မြေဩဇာလုပ်နည်းပြသပေးရန် မှာကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နှမ်းရိုးအခြေခံ သဘာဝမြေဩဇာပြုလုပ်ရန်အတွက် တစ်နေ့လျှင် တင်း ၅၀၀ ကျ နှမ်းရိုးဖြတ်စက်ဆောင်ရွက်နေမှု၊ မြေပေါ်မြေအောက်ကျင်းများဖြင့်သဘာဝမြေဩဇာပြုလုပ်ထားမှု၊ ရုရှားရွက်ဖျန်းမြေဩဇာအသုံးပြု၍ စိုက်ပျိုးထားသော ၂၈ ရက်သားရေဆင်းမျိုး-၁ နေကြာစိုက်ခင်းတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# စစ်တွေမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲကျင်းပ

စစ်တွေ နိုဝင်ဘာ ၁၆

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ရှေးဟောင်းသမိုင်းဝင် အောင်စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ကျင်းပသော ဆီမီး ၉၀၀၀ ပူဇော်ပွဲအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဆီမီးထွန်းညှိဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ပျော်ပျော်ပါးပါး ဆီမီးထွန်းညှိပူဇော်ကြသည်၊ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ဆီမီးထွန်းညှိပူဇော်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပျော်ပျော်ပါးပါး မီးပုံးပျံများကိုလွှတ်တင်ပူဇော်ကြသည်။

အလားတူ စစ်တွေမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးနှင့် ဂစ္ဆပရပ်ကွက် ရန်ပြေမာန်ပြေဘုရားကြီးတို့၌လည်းကျင်းပခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-ဝင်းမင်းစိုး**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသော တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ မီးပဒေသာလှည့်ပူဇော်ပွဲကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁၆

တန်ဆောင်မုန်းလပြည့်ဆေးပေါင်းသည့်ညတွင် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်ဆိုသည့်အတိုင်း ဆီမီးများပူဇော်ဆက်ကပ်လှူဒါန်းခြင်းနှင့် အိမ်တိုင်းတွင် အလှမီးများထွန်းခြင်း ဆောင်ရွက်ကြရာ ယမန်နေ့ ည ၆ နာရီက တောင်ကြီးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် တောင်ကြီးမြို့ပေါ် (၂၂) ရပ်ကွက်မှ အင်အား ၁၀၀၀ ခန့်ဖြင့် မီးပဒေသာလှည့်လည်ပူဇော်ပွဲ ကျင်းပကြကြောင်း သိရသည်။

မီးပဒေသာလှည့်လည်ပူဇော်ပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများက ပြည်နယ်အားကစားကွင်း၌ စုရပ်ပြုလုပ်၍ အလှမီးကြာဆီမီးများထွန်းညှိကြပြီး ဗိုလ်ချုပ်အောင်ဆန်းမင်းလမ်းအတိုင်း လမ်းလျှောက်ကာ စူဠာမုနိလောကချမ်းသာဘုရားအထိ တစ်ပတ်လှည့်လည်ပူဇော်ပေးကြကြောင်းနှင့် မီးပဒေသာလှည့်လည်ပူဇော်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်သူများ၊ ပွဲလာဧည့်ပရိသတ်များ စည်ကားသိုက်မြိုက်စွာကြည့်ရှုအားပေးကြကြောင်းသိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ်တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကျင်းပသည့် အဝေရာမီးပုံးပျံကွင်းသို့သွားရောက်ကာ ပွဲတော်၏ ငါးရက်မြောက်လပြည့်ညတွင်တေးဂီတများဖြင့် ဖျော်ဖြေနေမှုများ၊ မြို့ပေါ်ရပ်ကွက်များမှ ညမီးကြီးယမ်းမီး၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်နေမှုကို ကွင်းလုံးပြည့်စည်ကားသိုက်မြိုက်စွာ ပွဲတော်လာပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက မီးပုံးပျံအသေးလွှတ်တင်ပေးကြကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဘိုကလေးမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ



ဘိုကလေး နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုနှစ် (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် စတုတ္ထနေ့အဖြစ် လှည့်လည်အပူဇော်ခံပွဲတော်အား တန်ဆောင်မုန်းလပြည့်ည၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တန်ဆောင်မုန်းလပြည့်ည စတုတ္ထနေ့အဖြစ်ကျင်းပရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာများပါဝင်သော ဘုရားပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်းကျေးရွာ အစရှိသည့် ရပ်ကွက်/ကျေးရွာ ၁၄ ဖွဲ့မှ တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူမြတ်ဘုရားများအား ဥပါသကာ ဂေါပကများက ပင့်ဆောင်ကာ မြို့လယ်ကျက်သရေဆောင်အောင်ထီတော်မူဘုရားကြီးရှေ့စုရပ်မှ မင်္ဂလာစည်တော်နှင့်အတူ တတိယလမ်းတစ်လျှောက်မှ တောင်ဘက်သို့ (၉)ဖြတ်လမ်းအထိ၊ (၉)ဖြတ်လမ်းမှ ကမ်းနားလမ်းသို့ပတ်ကာ အောင်စကြာဘုရားလမ်း၊ မြို့ပတ်တာ(၈)လမ်းတို့အား ဒေသစာရီ ကြွချီအပူဇော်ခံခဲ့ကြသည်။

မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၆

တောင်ကြီးမြို့တွင် ၂၀၂၄ ခုနှစ် (၇၄) ကြိမ်မြောက် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အဝေရာကုန်းသာယာကွင်း၌ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ နေ့/ညမီးပုံးပျံပြိုင်ပွဲများ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲတော်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၁၅ ရက်တွင် ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။

တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ်၊ ခရစ်နှစ် ၁၉၄၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ကုန်းသာကျောင်းဆရာတော် ဦးစီး၍ အချင်းပေ ၅၀ ခန့်ရှိသည့် မီးပုံးပျံကြီးကို ပြုလုပ်လွှတ်တင်ခြင်းမှ စတင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ပထမဆုံး မီးပုံးပျံပြိုင်ပွဲအဖြစ် ဆုများရွေးချယ်ချီးမြှင့်ကာ ပြိုင်ပွဲအသွင်ဖြင့် နှစ်စဉ်ကျင်းပလာခဲ့ကြောင်းနှင့် ၁၃၈၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကိုလည်း ရိုးရာအစဉ်အလာမပျက် နိုဝင်ဘာလ ၁၁ ရက်မှစ၍ ဆက်လက်ကျင်းပလျက်ရှိရာ ပဉ္စမမြောက်နေ့အဖြစ် ပြိုင်ပွဲဝင်အဖွဲ့အသီးသီးတို့က နေ့လွှတ်အရုပ် ၃၅ ရုပ်၊ စိန်နားပန် မီးပုံးပျံ နှစ်လုံး၊ ညမီးကြီး မီးပုံးပျံ လေးလုံး လွှတ်တင်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ကျင်းပလျက်ရှိရာတွင် နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တာကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၆ လုံး၊ ညမီးကြီး မီးပုံးပျံ ၁၇ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၃၉ လုံး စုစုပေါင်း မီးပုံးပျံ ၁၇၄ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်ခဲ့ပြီး ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ ခြောက်လုံး၊ ညမီးကြီး မီးပုံးပျံကိုးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ အလုံး ၇၀ စုစုပေါင်း မီးပုံးပျံ ၈၅ လုံးအား နိုဝင်ဘာလ ၁၇ ရက်အထိ လွှတ်တင်ပူဇော်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

❑ ရှေ့ဖုံးမှအဆက်

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများ အနေဖြင့် ဖူးမြော်ကြည်ညိုလေ့လာကြသည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရား၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့်ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့်ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှည်းယဉ်ကြော့၊ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့တွင် တပ်ကုန်းမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ကျင်းပပြုလုပ်ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးပြီး မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာလ

# ဘားအံမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ နိဗ္ဗာန်ဈေးနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပ



ဘားအံ နိုဝင်ဘာ ၁၆

တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ ညဦးပိုင်းတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ နိဗ္ဗာန်ဈေးနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတို့ကို ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကျော်ဇေယျလမ်းနှင့် မာန်းနဲစန်လမ်းတို့တွင်ဆင်ယင်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ပါဝင်ဆင်နွှဲကြသူများ အထူးစည်ကားများပြားလျက်ရှိသည်။

တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဘားအံမြို့ မာန်းနဲစန်လမ်း၊ ကျော်ဇေယျလမ်းနှင့် ကန်သာယာပတ်လမ်းဆုံ မီးပုံးပျံကွင်း၌ကျင်းပရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ မီးပုံးပျံအကြီး ၁၁ လုံးကို လွှတ်တင်ပူဇော်ကြသည်နှင့်တစ်ပြိုင်နက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ မီးပုံးပျံအသေးအလုံး ၁၀၀ တို့ကို လွှတ်တင်ပူဇော်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သာမညဖလအခါတော်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ နိဗ္ဗာန်ဈေးစတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မီးပုံးအလှများထွန်းညှိပူဇော်ခြင်းတို့အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

၁၅ ရက် ညပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘုရားလမ်းနှင့် ယာဉ်ရပ်နားကွင်းတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရာတွင်လည်း လာရောက်လည်ပတ်ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဒုတိယနေ့ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ညပိုင်းတွင် ပွဲတော်သို့လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့သည်။ ဂီတပွဲတော်တွင်လည်း နာမည်ကျော်တေးသံရှင်များက ပါဝင်ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းရင်းသားရိုးရာအကအလှများဖြင့် ပါဝင်တင်ဆက်ကပြခဲ့ကြသည်။ ညပိုင်းတွင်လည်း ရောင်စုံမီးရှူးမီးပန်းများနှင့် မီးပုံးပျံများကို လွှတ်တင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်သို့ လာရောက်ကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-လင်းခန့်



ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့လာရောက်ကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-(၄၀၁)၊ တင်စိုး(ပဲခူး)



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲတွင် ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ-တင်စိုးလွင်

# နယ်သာလန်နိုင်ငံမှ မျိုးပွားသုတေသနပြုလုပ်ထားသော အာလူးမျိုးသုံးမျိုးကို တောင်သူများစမ်းသပ်စိုက်ပျိုးနိုင်ရန် ယခုနှစ်တွင် စတင်ဖြန့်ဝေပေးမည်

နောင်တရား နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ Tissue Culture နည်းဖြင့် အာလူးမျိုးပွားထုတ်လုပ်ခြင်းကို သုတေသနပြုလုပ်လျက်ရှိပြီး နယ်သာလန်နိုင်ငံမှ အာလူးမျိုးသုံးမျိုးကို တောင်သူများစမ်းသပ်စိုက်ပျိုးနိုင်ရန် ယခုနှစ်တွင် စတင်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ သိရသည်။

အဆိုပါ Tissue Culture နည်းဖြင့် အာလူးမျိုးပွားထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)နှင့် နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတို့ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ သဘာဝမြေဩဇာစက်ရုံဝင်းအတွင်း ဆောင်ရွက်နေခြင်းဖြစ်သည်။

“မျိုးပွားသုတေသန ပြုလုပ်ထားတဲ့ထဲကမှ နယ်သာလန်နိုင်ငံက အာလူးမျိုးသုံးမျိုးကိုတော့ ဒီနှစ်ထဲမှာ တောင်သူတွေစမ်းသပ်စိုက်ပျိုးဖို့အတွက် စတင်ဖြန့်ဝေပေးပါမယ်။ စမ်းသပ်စိုက်ပျိုးတာကတော့ မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးကွင်းနဲ့ နောင်တရားဒေသတွေမှာ စိုက်ပျိုးမှာပါ။ Tissue Culture နည်းနဲ့အာလူးမျိုးပွားထုတ်လုပ်ပြီး သုတေသနလုပ်တဲ့အခါ တစ်သျှူးတွေကို အာလူးရဲ့အညှောက်ကနေယူပြီးတော့ ဓာတ်ခွဲခန်းထဲမှာ ဖန်ပုလင်းတွေနဲ့ မြေမဲ့မျိုးပွားတယ်။ အဲဒီနောက် Green House ထဲမှာ ထပ်မံမျိုးပွားပြီး သုတေသနပြုလုပ်တယ်။ ထွက်လာတဲ့ အာလူးမျိုးတွေကို မှတ်တမ်းတွေနဲ့တကွ အအေးခန်းစက်ရုံထဲမှာ ပြန်ပြီးတော့ သိမ်းဆည်းထားပါတယ်”ဟု နောင်တရား အာလူးစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးကပြောသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားဒေသ၌ ပြည်ပမှအာလူးမျိုးများကို နှစ်စဉ် ဝယ်ယူလျက်ရှိကာ အထူးသဖြင့် နယ်သာလန်နိုင်ငံမှ အာလူးမျိုးများကို အဓိကထားတင်သွင်းလျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်တွင်း၌ပင် အာလူးမျိုးများကို ကိုယ်တိုင်မျိုးပွားထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှအာလူးမျိုးများ တင်သွင်းရမှုလျှော့ချနိုင်ပြီး အာလူးစိုက်တောင်သူများအနေဖြင့်လည်း အာလူးမျိုးများကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူရရှိနိုင်ရန် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Arrival of tourists increases to Htilominlo Temple in this dry season



BAGAN November 17

The arrival of tourists this dry season to Htilominlo Temple surges as they are interested in detailed mural paintings and artworks of Panntamaw (sculpting) with stone inner and outside of the temple.

The two-storey Htilominlo Temple was constructed by King Zeyatheinkha (King Nataungmya) in the 13th Century of the Bagan era. The temple is 150 feet in height and 140 feet in length. The main hall faces east, and the three sides are decorated with small archways. There are four Buddha images inside the temple, and the ink inscriptions are on the walls. The mural paintings and Pantamawt artworks inside and outside of the temple prove the high architectural standards of the Bagan era which lures the interests of local and foreign travellers.

"The place is crowded with visitors during the Thadingyut festival, and we expect the arrivals might be high in Tazaungdine. The tourists visited here yesterday, and they especially visited Dhammayan, Thatbyinnyu, and Ananda. They enjoyed the 13th-Century architectural artworks of the Bagan era at Htilominlo temple.

They are also interested in the construction structure of the upper layer of the temple. Although people could watch sunset views on the temple previously, such a permit was halted in 2004 for the sustainability of the temple. The local and foreign travellers are interested in Htilominlo temple as their dreams of praying come true and due to ancient architecture," said U Tin Hla Oo, secretary of the pagoda board of trustees.

The temple was constructed in 1211 and completed after seven years of construction. King Narapati Sithu selected the crown prince among his five sons and erected a white umbrella among these five princes. He then said the umbrella might lean on the one worthy to be King, who is holding the umbrella in his hand and freeing it. Then, the umbrella leaned on Zeya Theinkha Prince. Then, the prince was named Htilominlo as the King, and the umbrella wanted him to be the King. King Nataungmya built a temple in which an umbrella was hoisted, and the temple was called Htilominlo temple. **SK**

# Htigyaing Township cultivates over 40,000 acres of rain-fed rice

HTIGYAING November 17

A total of 40,010 acres of rain-fed rice have been planted in Htigyaing Township, Katha District, Sagaing Region this year, according to statistics from the Department of Agriculture for Htigyaing Township.

During the 2024-2025 rain crops planting season, 40,278 acres of rain rice crops are planned to be planted in Htigyaing Township, and 40,010 acres have been planted since June this year.

"We are providing the necessary technologies and types to reach the target acreage of rain-fed rice. We are conducting fieldwork so that farmers can plant rain-fed rice on time," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation,preventing damage to crops andnotifying the timely arrival of the harvested rice under the shelter. **SMK**

# Myinmu Township grows 1,812 acres of rain-fed seed corn and millets

MYINMU November 17

A total of 1,812 acres of seed corn and millets have been planted during this year's rain crops planting season in MyinmuTownship, Sagaing District, Sagaing Region, accordingto statistics from the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 761 acres of seed corn and 1,059 acres of millets have been earmarked to be planted in Myinmu Township and 765 acres of seed corn and 1,047 acres of millets have been planted since June of this year.

"We are providing awareness for the success of corn crops, and providing awareness to prevent the spread of pests," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In MyinmuTownship, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000. **SMK**

# More than 19,000 acres of pigeon pea planted in Dabayin Township



DABAYIN November 17

The statistics of YeU District Agriculture Department stated that a total of 19,014 acres of croplands has been placed under pigeon pea in Dabayin Township of Sagaing Region this monsoon.

Local authorities earmarked 20,201 acres of pigeon pea in 2024-2025 monsoon, but local farmers have planted 19,014 acres of crops so far.

U Zaw Myint Tun, Head of YeU District Agriculture Department commented: "Local farmers have so far planted 19,014 acres of pigeon pea against the target of 20,201 acres in Dabayin Township this monsoon. They are trying hard to meet the target cultivation. They grow pigeon as a separate crop as well as mixed-crop."

This year, officials of the Township Agriculture Department helped local farmers select quality strains of crops, use agricultural techniques and prevent pests for boosting per-acre yield of crops.

Moreover, agricultural officials shared techniques with local farmers in making pesticides and natural fertilizers so as to cut agricultural costs.**SK**

# Sagaing Region plants over 1,800,000 acres of paddy in this monsoon



SAGAING November 17

A total of 1,808,275 acres of paddy have been plant in 14 districts in Sagaing Region in this year's monsoon paddy growing season and as of October, 14,775 acres of rice have been harvested, according to the Region Agriculture Department.

Under the supervision and guidance of the Regional Department of Agriculture, officials from the District and Township Agriculture Departments are making field trips and providing agricultural techniques such as good quality seeds, systematic methods of planting and prevention of pest infestation to farmers in cooperation with relevant departments in the region.

In this year's rain crops growing season, 1,808,275 acres of paddy have been cultivated since the first week of May this year, and as of now, 14,775 acres of rice have been harvested with an average yield of 63.72 percent per acre and 941,408 baskets of rice were produced. Farmers in the region will continue to harvest the remaining acres of paddy till the end of January, 2025, according to the Township Agriculture Department.

**SMK**

# Over 16,000 acres of pulse,bean to grow in Tatkon Township

TATKON November 17

A total of 16,370 acres of pulses and beans have been earmarked to grow in Tatkon Township, Nay Pyi Taw Union Territory in this year's winter crops growing season, according to the Township Agriculture Department.

In order to achieve high yield, officials from the Township Agriculture Departments are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, methods of planting and prevention of pest infestation in collaboration with relevant departments in the Township.

In this year's winter crops growing season, the Township Agriculture Department has earmarked to grow a total of 16,370 acres of pulses and beans including 4,025 acres of green gram, 1,575 acres of mung bean, 820 acres of chick pea, 9,720 acres of lablab bean and 230 acres of other types of oilseed crops in the Township.

**SK**

# Chauk Township plans to grow over 5000 acres of winter crops



CHAUK November 17

Efforts are being made to boost the capacity to plant winter crops in Chauk Township of Magway Region. In this year, farmers in the Township have planned to grow 5,541 acres of winter crops but only 5,002 acres have been planted so far.

Ground nut, sesame, sunflower are being grown as winter crops in Chauk Township of Magway Region annually. In this year's winter crops growing season, the Township has targeted to grow 5,541 acres of oilseed crops.

As of now, farmers have only gown 5,002 acres of oilseed crops including 2,941 acres of ground nut, 2,197 acres of sesame and 403 acres of sunflower in the entire township, according to the Township Department of Agriculture.

Last year, the Township Agriculture Department earmarked to grow 5,524 acres of winter crops but only 4,917 acres were planted in Chauk Township of Magway Region.

**SK**

# Farmers finish cultivation of more than 800 acres of sugarcane plantations in Kawlin District

KAWLIN November 17

Kawlin District Agriculture Department stated that a total of 878 acres of sugarcane plantations have been planted in Kanbalu Township of Sagaing Region this year.

In 2024-2025 monsoon season, the district authorities earmarked 878 acres of sugarcane in Kawlin District but local farmers have so far planted 853 acres of sugarcane in Kawlin Township and 35 acres in Wuntho Township, totalling 878, meeting the target cultivation.

U Win Thein, Head of Kawlin District Agriculture Department stated: "We planned to grow 878 acres of sugarcane in the district. Now, local farmers have met cultivation of sugarcane."

In Sagaing Region, sugarcane is mostly grown in Shwebo, Kanbalu and Katha districts, Katha and Kanbalu districts of which grow the largest sown acreage of sugarcane.

Local farmers need to cost Ks-600,000 to Ks-700,000 per acre of agricultural charge but can produce 30 tons of sugarcane per acre.

They mostly use K-95/84, Nawade-4, Pharmoza and Sinshweli sugarcane strains in monsoon or other seasons with irrigation facilities.

**SMK**

# Farmers in Wetlet Township cultivate over 130,000 acres of rain-fed rice

WETLET November 17

A total of 137,144 acres of rain-fed rice have been planted in Wetlet Township, Shwebo District, Sagaing Region this year rain crops planting season, according to statistics from the Department of Agriculture for Wetlet Township.

During the 2024-2025 rain crops planting season, 139,600 acres of rain-fed rice are planned to be planted in Wetlet Township, and 137,144 acres have been planted since July this year.

"We are providing the necessary technologies and types to meet the target of the acreage of rain-fed rice. We are conducting fieldwork so that they can plant rain-fed rice on time," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation,preventing damage to crops andnotifying the timely arrival of the harvested rice under the shelter.

**SK**

# China calls on Canada to lift increased duties on Chinese EV cars




BEIJING November 16

China urges Canada to lift the increased duties on Chinese-made electric vehicles, Chinese Foreign Minister Wang Yi said after a meeting with his Canadian counterpart, Melanie Joly.

"Canada's decision to impose increased customs duties on Chinese electric vehicles goes against the spirit of free trade and is not conducive to the healthy development of trade and economic cooperation between the two countries," Wang said on Friday on the margins of the 31st Asia-Pacific Economic Cooperation (APEC) Summit in Peru's Lima.

The Chinese minister also stated that Canada must fully comply with World Trade Organization (WTO) regulations and remove discriminatory and restrictive measures against Chinese goods.

At the same time, Wang noted that China and Canada did not have any fundamental conflicts of interest and expressed hope that Canada would objectively and rationally consider China's development.


"During your latest visit to China, we held a productive exchange of views on ways to improve and develop Chinese-Canadian relations. We have made significant progress, sending a positive message that benefits the people of both countries," the Chinese top diplomat said, adding that the bilateral relations faced different obstacles at times, so it was necessary to strengthen them and overcome issues.

**Sputnik**

# Airbus showcases new aircraft at Airshow China, highlighting sustainability

TIANJIN November 16

A series of innovative products from Airbus are being exhibited, including the new generation A350F freighter model, the new generation A330neo wide-body aircraft cabin and the H175 helicopter model, at the ongoing 15th China International Aviation and Aerospace Exhibition, also known as Airshow China, in Zhuhai, south China's Guangdong Province.



Decarbonization and sustainability have become the keywords for the aviation giant's participation in this year's exhibition.

"We focused on demonstrating products that can meet the needs of China's passenger and freighter markets, as well as the latest results of our R&D cooperation with partners in the field of sustainable development," said George Xu, Airbus executive vice president and Airbus China CEO.

The display of decarbonization features has yielded promising results. At the airshow, Airbus Beijing Engineering Centre signed a MoU with Chinese partners, aiming to turn "waste" into "treasure" by developing natural-fiber seat cushions from coconut fiber.

In the future, such cushions are expected to be used in aircraft cabins. Recycling coconut fiber, which features light weight, breathability and high elasticity, can reduce the environmental impact of aircraft interiors throughout their life-cycle, achieve waste utilization, and support the circular economy development of China's civil aviation sector.

Airbus is also contributing to China's development of the circular economy. In January this year, Airbus launched the Airbus Lifecycle Services Centre (ALSC), its first global aircraft recycling project, in southwest China's Sichuan Province. It started to dismantle and recycle the first aircraft in August this year.

It provides services including parking, storage, maintenance, upgrading, modification, dismantling, recycling and distribution of used and usable aviation materials after dismantling for aircraft of all ages, said Xu.

ALSC has become the first entity to break through the technical bottleneck in aircraft composite material recycling and explore the feasibility of recycling more materials with partners, Xu added.

Moreover, Airbus has made efforts to increase the use of new energy and optimize the sustainable aviation fuel (SAF) industry ecosystem.

Airbus has started to use 100 percent renewable electricity at its Tianjin and Beijing campuses, making the region the first among other Airbus campuses in the world to make full use of renewable electricity. It is planned that 100 percent of renewable electricity will be used in all campuses in China by 2030.

Airbus Tianjin has also deployed the use of SAF for its delivery flights and test flights, and to support Chinese operators for commercial flights, while deepening cooperation with the Chinese government, industry and academia on SAF industrial development.

Airbus is committed to working with its Chinese partners to lead the decarbonization of China's civil aviation through advanced industry standards and continuous innovation in aircraft recycling, sustainable aviation fuels and other innovative technologies, Xu said.

Airbus looks forward to jointly building a sustainable future for China's aviation industry, Xu added.

**Xinhua**

# Xi Meets Japan's Ishiba for first time on margins of APEC Summit

BEIJING November 16

Chinese President Xi Jinping held a meeting on Friday with Japanese Prime Minister Shigeru Ishiba on the sidelines of the 31st Asia-Pacific Economic Cooperation (APEC) Summit in Peru's Lima, which became the first meeting of the two leaders after Ishiba was sworn in, the Chinese Foreign Ministry said on Saturday.

"President Xi Jinping met Japanese prime minister Shigeru Ishiba during an informal meeting of APEC leaders on the afternoon of November 15, 2024, local time," the statement read.

Xi Jinping expressed concern that Japan continued to enhance the bilateral relations.

"China's development is an opportunity for the entire world, especially neighboring countries like Japan. We hope that Japan and China will work together to form a better understanding of each other and determine the right course for bilateral relations. We also hope to implement the important political consensus that has been reached between both countries," Xi said, as quoted by the ministry.

The Chinese leader also noted that the two nations should address significant issues in due course, including those related to history and Taiwan, as well as "manage in a constructive manner, control differences and defend the political foundation of bilateral relations." **Sputnik**

# Georgian Dream Party wins parliamentary elections with 53.93 percent of votes - final CEC report

TBILISI November 16

The Georgian Central Election Commission approved on Saturday the final report of the parliamentary elections held on October 26 with ruling Georgian Dream party receiving 53.93 percent of the votes and 89 seats in parliament.

The CEC meeting is being held amid protests as opposition members do not accept the elections. The meeting was temporarily suspended as one of the opposition politicians doused CEC Chairman Giorgi Kalandarishvili with black paint.

**Sputnik**



# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 17 have and have got

**A** **have** and **have got** (= for possession, relationships, illnesses, appointments etc.)

With these meanings (possession etc.), we do not use continuous forms (**I'm having** etc.):

- ☐ We're enjoying our holiday. We **have** / We'**ve got** a nice room in the hotel. (not We're having a nice room)

For the past we use **had** (usually without **got**):

- ☐ Lisa **had** long hair when she was a child. (not Lisa had got)

**B** In questions and negative sentences there are three possible forms:

| | |
|---|---|
| **Do you have** any questions? | I **don't have** any questions. |
| or **Have you got** any questions? | or I **haven't got** any questions. |
| or **Have you** any questions? (less usual) | or I **haven't** any questions. (less usual) |
| **Does she have** a car? | She **doesn't have** a car. |
| or **Has she got** a car? | or She **hasn't got** a car. |
| or **Has she** a car? (less usual) | or She **hasn't** a car. (less usual) |

In past questions and negative sentences, we use **did/didn't**:

- ☐ **Did** you **have** a car when you were living in Paris?
- ☐ I **didn't have** my phone, so I couldn't call you.
- ☐ Lisa **had** long hair, **didn't** she?

**C** **have breakfast** / **have a shower** / **have a good time** etc.

We also use **have** (but not have got) for things we do or experience. For example:

| | |
|---|---|
| have | **breakfast** / **dinner** / **a cup of coffee** / **something to eat** etc.<br>**a bath** / **a shower** / **a swim** / **a break** / **a rest** / **a party** / **a holiday**<br>**an accident** / **an experience** / **a dream**<br>**a look** (at something)<br>**a chat** / **a discussion** / **a conversation** (with somebody)<br>**trouble** / **difficulty** / **fun** / **a good time** etc.<br>**a baby** (= give birth to a baby) |

**Have got** is not possible in these expressions. Compare:

- ☐ Sometimes I **have** (= eat) a sandwich for my lunch. (not I've got)

but **I've got** / I **have** some sandwiches. Would you like one?

You can use continuous forms (**I'm having** etc.) with these expressions:

- ☐ We're enjoying our holiday. We'**re having** a great time.
- ☐ 'Where's Mark?' 'He'**s having** a shower.'

In questions and negative sentences we use **do/does/did**:

- ☐ I **don't** usually **have** a big breakfast. (not I usually haven't)
- ☐ Where **does** Chris usually **have** lunch?
- ☐ **Did** you **have** trouble finding somewhere to stay? (not Had you)

# Exercises

**17.1** **Which goes with which?**

1 I'm not free tomorrow morning.
2 Rachel is an only child.
3 We've got plenty of time.
4 You've got a really good voice.
5 I don't feel very well this morning.
6 Laura studied at university.
7 I've got a question.
8 James has got a lot of experience.

a She's got a degree in physics.
b I've got a sore throat.
c There's no need to hurry.
d I've got a driving lesson.
e Maybe you can answer it.
f I think he should get the job.
g I wish I could sing as well as you.
h She's got no brothers or sisters.

1 d
2 ______
3 ______
4 ______
5 ______
6 ______
7 ______
8 ______

**Raymond Murphy**

# ပျားလည်းစွဲစေ... ရှဉ့်လည်းလျှောက်စေ...

**မြန်**မာမှာ စကားပုံတစ်ခုရှိပါတယ်။ ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာ ဆိုတဲ့စကားပုံပါ။ သူ့ရဲ့အဓိပ္ပာယ်က တစ်ဦးနဲ့တစ်ဦး ဘယ်သူမှမနစ်နာစေဘဲ ကိုယ့်အကျိုးစီးပွားကို အောင်မြင်အောင်အကောင်အထည်ဖော်ကြတဲ့အခြေအနေကို ရည်ညွှန်းပြီးပြောတာလို့မှတ်သားဖူးပါတယ်။ အခုတင်ပြမယ့်အကြောင်းအရာကတော့ အိန္ဒိယနိုင်ငံအနေနဲ့ ဘယ်လိုမျိုးမဟာဗျူဟာတွေကျင့်သုံးနေတယ်၊ ဘယ်လိုအကျိုးအမြတ်တွေရရှိအောင် ဆောင်ရွက်နေတယ်ဆိုတာတွေကို ဒီစကားပုံလေးကိုမှီငြမ်းပြီး တင်ပြသွားမှာဖြစ်ပါတယ်။




ယနေ့ကမ္ဘာကြီးကိုကြည့်လိုက်မယ်ဆိုရင် ပထဝီနိုင်ငံရေးအရ အင်အားကြီးတဲ့နိုင်ငံတွေရဲ့လွန်ဆွဲမှုကြားမှာ ကျရောက်နေတာကိုတွေ့ရမှာပါ။ အထူးသဖြင့် သူ့ဘက်၊ ကိုယ့်ဘက်အပါဆွယ်နေကြတဲ့ မိတ်ဖက်ဆက်ဆံရေးထူထောင်မှု သံခင်းတမန်ခင်းများနဲ့ ရှုပ်ထွေးနေတဲ့ကမ္ဘာကြီးအဖြစ်ကို ရောက်မှန်းမသိရောက်လာနေတာဖြစ်ပါတယ်။

ဒီလိုမျိုး ပထဝီနိုင်ငံရေးအရအင်အားကြီးတဲ့နိုင်ငံတွေထဲမှာ အိန္ဒိယနိုင်ငံသည်လည်း တစ်နိုင်ငံအဖြစ်ပါဝင်သလို သူ့ရဲ့ရပ်တည်မှုကလည်း ယနေ့ကမ္ဘာကြီးရဲ့ အရာရာကိုပြောင်းလဲသွားစေနိုင်စွမ်းရှိနေတယ်ဆိုတာ အားလုံးပဲရိပ်မိကြမှာပါ။ ဒီအချိန်မှာ အိန္ဒိယနိုင်ငံရဲ့အရွေ့တစ်ချက်က ကမ္ဘာ့အင်အားချိန်ခွင်လျှာကို တစ်ဖက်စောင်းနင်းဖြစ်သွားစေနိုင်ပါတယ်။ ဒါကြောင့်လည်း အိန္ဒိယအစိုးရက သူ့ရဲ့ပထဝီနိုင်ငံရေးရပ်တည်မှုကို ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာပုံစံမျိုးနဲ့သွားနေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆက်ရှင်းပြပါမယ်။

လေ့လာသူတချို့ကတော့ အိန္ဒိယနိုင်ငံရဲ့အဆင့်ဆင့်ပြောင်းလဲလာတဲ့ နိုင်ငံခြားရေးမူဝါဒက မဟာဗျူဟာမြောက် ကိုယ်ပိုင်အုပ်ချုပ်လွတ်လပ်ခွင့်ဆီကို ဦးတည်သွားနေတယ်လို့ ရှုမြင်သုံးသပ်ထားကြပါတယ်။ လက်ရှိမှာဆိုရင် အိန္ဒိယက အနောက်အုပ်စုနဲ့ဆက်ဆံရေးအပေါ် မာမာထန်ထန်ပြောဆိုနိုင်စေဖို့လုပ်ဆောင်လာနေသလို သူ့ရဲ့ပြိုင်ဘက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံအပါအဝင် အာရှအင်အားကြီးနိုင်ငံများနဲ့ နီးကပ်တဲ့ဆက်ဆံရေးကို ဦးစားပေးထူထောင်လာနေတာလည်း မြင်တွေ့ရပါတယ်။

အခုလိုမျိုးအခြေအနေတွေက ဘယ်ကနေစလဲဆိုရင် ရုရှား-ယူကရိန်းပဋိပက္ခနဲ့ပတ်သက်လို့ အဲဒီအပေါ်မှာ အမေရိကန်ရဲ့သဘောထားအတိုင်းမလိုက်တဲ့အခြေအနေနဲ့ ကနေဒါနိုင်ငံနဲ့တင်းမာမှုမြင့်တက်လာတဲ့ အခြေအနေကနေ စတင်လာတာပါ။ ရုရှား-ယူကရိန်း ပဋိပက္ခနဲ့ပတ်သက်ပြီး အမေရိကန်က သူ့ရဲ့မိတ်ဖက်နိုင်ငံတွေအနေနဲ့ ရုရှားအပေါ်ပိတ်ဆို့မှုတွေချမှတ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့ အိန္ဒိယကတော့ အမေရိကန်ရဲ့တိုက်တွန်းချက်ကိုလက်မခံဘဲ ရုရှားနဲ့ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့တာတွေ့မြင်ရပါတယ်။

ကနေဒါနဲ့ဆက်ဆံရေးတင်းမာရတဲ့အခြေအနေဖြစ်ပေါ်လာရတာကတော့ ကနေဒါနိုင်ငံရှိ ဆစ်(ခ်) ဘာသာဝင်ခွဲထွက်ရေးခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှုနဲ့ပတ်သက်နေပါတယ်။ ဒီလိုလုပ်ကြံရန်ကြိုးပမ်းမှုမှာ အိန္ဒိယအစိုးရကတိုက်ရိုက်ပါဝင်ပတ်သက်နေတယ်ဆိုပြီး ကနေဒါအစိုးရကပြောလာပါတယ်။ အိန္ဒိယကလည်း ဒီကိစ္စမှာ သူတို့နဲ့ဘယ်လိုမှပတ်သက်မှုမရှိဘူးဆိုတဲ့အကြောင်းငြင်းဆိုပြီး ပြင်းပြင်းထန်ထန်ပဲတုံ့ပြန်လိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ အိန္ဒိယအစိုးရက ရုရှားအစိုးရနဲ့သာမက တရုတ်အစိုးရနဲ့ပါ ရင်းနှီးခင်မင်တဲ့ဆက်ဆံရေးကိုတည်ဆောက်လာနေတာဖြစ်ပါတယ်။ ဒီအခြေအနေကို မြင်ကြည့်ရင်တော့ အိန္ဒိယအနေနဲ့ အနောက်အုပ်စုကိုဆန့်ကျင်ပြီး အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေးခိုင်မာအောင် လုပ်ဆောင်လာနေတယ်လို့ မြင်ကောင်းမြင်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းက အဲဒီလိုမဟုတ်ပါဘူး။ အိန္ဒိယဟာ သူ့ရဲ့စီးပွားရေးနဲ့ ပထဝီနိုင်ငံရေးရပ်တည်ချက်များ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် အနောက်အုပ်စုနဲ့ အာရှနိုင်ငံတွေကြားမှာ ဟန်ချက်ညီရပ်တည်မှုဗျူဟာကို ဖော်ဆောင်လာတာပဲဖြစ်ပါတယ်။

အရင်တုန်းကဆိုရင် အိန္ဒိယနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှဟာ ပြည်ပနိုင်ငံတွေအပေါ်မှာပဲ အဓိကအားထားနေရတာပါ။ အခုတော့ အဲဒီခေတ်ကြီးက လွန်ခဲ့တဲ့ဆယ်စုနှစ်များဆီမှာ ကျန်ခဲ့ပါပြီ။ ယနေ့ခေတ် အိန္ဒိယနိုင်ငံဟာ စီးပွားရေး၊ စစ်ရေး၊ နည်းပညာအစရှိတဲ့ နယ်ပယ်အသီးသီးမှာ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်လာနိုင်တဲ့နိုင်ငံအဖြစ်ကို ရောက်ရှိလာပြီဖြစ်တာကြောင့်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံများက အင်ဒို-ပစိဖိတ်ဒေသနဲ့ ဘင်္ဂလားပင်လယ်အော်ဒေသတို့ကို ပိုမိုမျက်စိကျလာတာပါ။

လက်ရှိ အိန္ဒိယနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အမေရိကန်ဒေါ်လာ ၃ ထရီလီယံအထိကိုရှိလာပါပြီ။ ဒါကြောင့်လည်း အိန္ဒိယဟာ တခြားနိုင်ငံတွေအပေါ်လွှမ်းမိုးမယ်ဆို လွှမ်းမိုးနိုင်စွမ်းရှိတဲ့၊ ကမ္ဘာ့စင်မြင့်မှာ ဝင့်ဝင့်ကြွားကြွားလျှောက်လှမ်းနိုင်တဲ့ နိုင်ငံအဖြစ်ကိုရရှိလာပါပြီလို့ ဂျင်ဒယ်နိုင်ငံတကာရေးရာကျောင်းမှ ပါမောက္ခဆရီးရာဒါကပြောထားပါတယ်။

ဒီအချိန်မှာ အိန္ဒိယနိုင်ငံအနေနဲ့ အနောက်အုပ်စုအလိုကျ လက်ညှိုးထောင် ခေါင်းညိတ်မလုပ်တဲ့အခြေအနေနဲ့ လိုအပ်ရင်ပြင်းပြင်းထန်ထန်ပြန်ပြောလာတဲ့အခြေအနေတို့ကိုတင်ပြပါဦးမယ်။ ဟိုတစ်လောလေးက အိန္ဒိယကုမ္ပဏီ ၁၉ ခုနဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းနှစ်ခုတို့ကို အမေရိကန်ကပိတ်ဆို့မှုတွေချမှတ်လိုက်ပါတယ်။ အကြောင်းရင်းကတော့ ယူကရိန်းပဋိပက္ခမှာ ရုရှားအပေါ်ထောက်ပံ့မှုတွေပေးတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပါ။ ဒါကို အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သူတို့အနေနဲ့ ဒီကိစ္စကိုရှင်းရှင်းလင်းလင်းဖြစ်အောင် အမေရိကန်နဲ့လက်တွဲဆောင်ရွက်ပါမယ်ဆိုပြီးထုတ်ပြန်လာတာရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ကနေဒါနဲ့ဖြစ်စဉ်မှာကျတော့ အိန္ဒိယကမာမာထန်ထန်ပဲတုံ့ပြန်လိုက်ပါတယ်။ ဒီအခြေအနေနှစ်ရပ်စလုံးကိုကြည့်ရင် အိန္ဒိယက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိပြီး ကိုယ့်ကိုယ်ကိုယ်သေချာမှုရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိလာနေပါပြီလို့ နယူးဒေလီအခြေစိုက်လေ့လာသူများသုတေသနဖောင်ဒေးရှင်းမှ နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူ ဟာ့ဗ်ပန့်ကပြောပါတယ်။

ဒါ့အပြင် အိန္ဒိယက ရုရှားနဲ့ဆက်ဆံရေးကို ပြန်ကြည့်မယ်ဆိုရင်လည်း ရုရှားဆီကနေ အိန္ဒိယက ရေနံပမာဏအမြောက်အမြားကို ဝယ်ယူခွင့်ရရှိလိုက်ပါတယ်။ အိန္ဒိယကဝယ်လိုက်တဲ့ အဲဒီရေနံတွေက ဘယ်ကိုရောက်သွားလဲဆိုရင် ဥရောပဒေသဆီကိုပါ။ ဒါကြောင့်ပြီးခဲ့တဲ့နှစ်တုန်းက အိန္ဒိယနိုင်ငံဟာ ဆော်ဒီအာရေဗျကိုကျော်တက်ပြီး ဥရောပကိုရေနံအများဆုံးရောင်းချပေးနိုင်သူဖြစ်လာတာဖြစ်ပါတယ်။

ဒါကလည်း သူ့အနေနဲ့စီးပွားရှာနည်းတစ်မျိုးနဲ့ စီးပွားရှာတာပါ။ ဥရောပက ရုရှားဆီကနေ ရေနံတွေမဝယ်ဘူးဆိုပြီးပြောတယ်။ တစ်ဖက်မှာတော့ အိန္ဒိယဆီကနေ ရေနံတွေဝယ်ရတယ်။ အိန္ဒိယကလည်း ရုရှားဆီကနေ ဈေးသက်သက်သာသာနဲ့ဝယ်ယူတယ်။ ဒါဟာသူ့အကျိုးစီးပွားအတွက်သူလုပ်တာပါ။ ဒီအတွက်ကြောင့်လည်း အမေရိကန်ရဲ့တောင်းဆိုချက်အတိုင်း မလိုက်ဘဲ ရုရှားနဲ့ဆက်ဆံရေးပိုမိုခိုင်မာလာအောင် တည်ဆောက်လာတာဖြစ်ပါတယ်။

အိန္ဒိယနဲ့တရုတ်တို့ကြားကဆက်ဆံရေးအခြေအနေကိုကြည့်မယ်ဆိုရင်လည်း အရင်တုန်းကတော့ သူတို့နှစ်နိုင်ငံကြား နယ်မြေပိုင်နက်အငြင်းပွားမှုနဲ့ တစ်ဦးနဲ့တစ်ဦးဆက်ဆံရေးတင်းမာနေပေမယ့် အဲဒီအငြင်းပွားမှုကို သံတမန်နည်းလမ်းကနေတစ်ဆင့်ဖြေရှင်းပြီး ပိုင်နက်အငြင်းပွားရာနေရာမှာရှိတဲ့ နှစ်ဖက်စစ်သည်များက နောက်ကိုပြန်ဆုတ်သွားကြပြီဖြစ်သလို တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီတို့ကလည်း တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးစွာလက်ဆွဲနှုတ်ဆက်နိုင်တဲ့ အခြေအနေအထိကိုရောက်ရှိလာတာတွေ့ရပါတယ်။

ဒီအချိန်မှာ အိန္ဒိယဆီကနေ အသံတစ်သံထွက်လာနိုင်တာကိုတွေ့ရပါတယ်။ ဘာလဲဆိုရင် အိန္ဒိယနိုင်ငံက အနောက်အုပ်စုကိုဆန့်ကျင်နေတာမဟုတ်ဘဲ အနောက်အုပ်စုအလိုကျ မလိုက်လျောခြင်းသာဖြစ်တယ်လို့ ဆိုလာတာပါ။ ဒီလိုမျိုးအသံထွက်လာနိုင်တာကလည်း အိန္ဒိယနိုင်ငံအနေနဲ့ ကိုယ့်အကျိုးစီးပွားကိုသာ ဦးထိပ်ထားပြီး ပြည်ပထောက်ပံ့မှုကို အနည်းဆုံးသာရယူကာ ပြည်တွင်းထုတ်လုပ်မှုစွမ်းပကားတိုးတက်လာအောင် လုပ်ဆောင်နိုင်ခြင်းရဲ့ရလဒ်ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။

နောက်တစ်ချက်က အိန္ဒိယနိုင်ငံသည် သူ့အကျိုးစီးပွားအတွက် အနောက်အုပ်စုကိုလည်းမပစ်ပယ်၊ အာရှအင်အားကြီးနိုင်ငံများနဲ့လည်း သဟဇာတဖြစ်အောင်နေခြင်းအားဖြင့် သူ့ရဲ့ပထဝီနိုင်ငံရေးတည်ရှိမှုကို ပိုမိုခိုင်မာလာအောင်ကြိုးပမ်းအားထုတ်နေတာကိုလည်းမြင်တွေ့ရပါတယ်။ ဒီအချိန်မှာ အိန္ဒိယအနေနဲ့ အနောက်ဘက်နဲ့ အာရှဘက်မှာ ဘယ်ဘက်ကိုပါမလဲမေးရင် သူ့အနေနဲ့ဘယ်ဘက်မှပါမှာမဟုတ်ပါဘူး။ ဒါကိုလည်း ရုရှား-ယူကရိန်းပဋိပက္ခမှာသက်သေပြခဲ့ပြီးပါပြီ။ ဒါကြောင့် ပထဝီနိုင်ငံရေးအရအရေးပါတဲ့ အိန္ဒိယရဲ့ရပ်တည်ချက်နဲ့လုပ်ဆောင်မှုဟာ သစ်ကိုင်းတစ်ကိုင်းမှာ ပျားအုံလည်းဖွဲ့သာ၊ ရှဉ့်လည်းလျှောက်သာစေရာသကဲ့သို့ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့မဟာဗျူဟာများကိုချမှတ်အကောင်အထည်ဖော်နေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းမြင်တွေ့နေရကြောင်း ဗဟုသုတဖြစ်ဖွယ်ရာရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: SCMP

ထက်မြတ်

# နှစ်နိုင်ငံဆက်ဆံရေးကို တည်ငြိမ်အောင်ထိန်းသိမ်းသွားမည်ဟု ရှီကျင့်ဖျင်နှင့် ရှီဂဲရူအီရှီဘာတို့က ပထမအကြိမ်တွေ့ဆုံမှုတွင်ကတိပြု

**ပေကျင်း၊ ဆက်ဆံရေး**

နှစ်နိုင်ငံကြားဆက်ဆံရေးကို တည်ငြိမ်အောင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှီဂဲရူအီရှီဘာတို့က ကတိပြုသည်ဟု သိရသည်။

၎င်းတို့နှစ်ဦးသည် ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသော APEC ထိပ်သီးအစည်းအဝေး၏ဘေးပန်းတွေ့ဆုံမှုတွင် ယခုကဲ့သို့ကတိပြုခြင်းဖြစ်သည်။ ထို့ပြင် ယခုတွေ့ဆုံမှုက ရှီကျင့်ဖျင်နှင့်ရှီဂဲရူအီရှီဘာတို့အတွက် ပထမဆုံး တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

အလားတူ နှစ်နိုင်ငံကြားရှိ မတူကွဲပြားမှုများကို အပြုသဘောဆောင်ထိန်းသိမ်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံကမျှော်လင့်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အတိတ်သမိုင်းကို တည့်တည့်ရှုမြင်ရင်ဆိုင်ကာ သမိုင်းကြောင်းဆိုင်ရာ ကိစ္စရပ်များနှင့် ထိုင်ဝမ်ကျွန်းကိစ္စရပ်များအပါအဝင် အရေးကြီးသောပြဿနာများကို သင့်လျော်စွာ ကိုင်တွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ရှီကျင့်ဖျင်က အလေးပေးပြောသည်။

ထို့ပြင် တစ်ကမ္ဘာလုံးဆိုင်ရာလွတ်လပ်သောကုန်သွယ်ရေးစနစ် ဘေးကင်းစိတ်ချမှုရှိစေရန်၊ ထောက်ပံ့ရေးနှင့်စက်မှုလုပ်ငန်းပိုင်းဆိုင်ရာကွင်းဆက်များ တည်ငြိမ်စွာနှင့် ချောမွေ့စွာလည်ပတ်စေရန်တို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရေးကိုလည်း ရှီကျင့်ဖျင်က တောင်းဆိုထားသည်။

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အိမ် နီးချင်းနိုင်ငံများဖြစ်သည့်အပြင် အာရှဒေသနှင့် ကမ္ဘာကြီးအတွက်အရေးပါသော နိုင်ငံများဖြစ်သောကြောင့် ၎င်းတို့နှစ်နိုင်ငံကြားပူးပေါင်းမှုက အကျိုးများစွာရှိစေမည်ဖြစ်သည်။ Ref: SCMP



# ဖိလစ်ပိုင်သို့ မုန်တိုင်းမန်းယီစတင်ဝင်ရောက်၊ ပြည်သူများကိုရွှေ့ပြောင်းထား

**မနီလာ၊ သဘာဝဘေး**

အလွန်အားကောင်းသည့် တိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်သော မန်းယီသည် နိုဝင်ဘာလ ၁၆ ရက်နှောင်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံအရှေ့မြောက်ပိုင်းမှနေ၍ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်းသိရသည်။

တာဝန်ရှိသူများသည် အဆိုပါမုန်တိုင်း မဝင်ရောက်မီကတည်းကပင် မုန်တိုင်းတိုက်ခတ်နိုင်သည့်လမ်းတစ်လျှောက်ရှိ ပြည်သူ ၆၅၀၀၀၀ ကို ဘေးကင်းရာသို့ရွှေ့ပြောင်းနေရာချပေးထားသည်။

မုန်တိုင်းမန်းယီကြောင့် လေတိုက်နှုန်းသည် တစ်နာရီလျှင်ကီလိုမီတာ ၂၄၀ အထိရှိသည့်အတွက် ထိုမုန်တိုင်းသည် အဖျက်စွမ်းအားပြင်းသည့် မုန်တိုင်းတစ်လုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသို့ သီတင်းပတ်လေးပတ်အတွင်း ဆင့်ကဲမြောက်ဝင်ရောက်တိုက်ခတ်သည့်မုန်တိုင်းလည်းဖြစ်သည်။

ထိုမုန်တိုင်းသည် ကာတာဒူးအန်းနက်ပြည်နယ်မှဖြတ်ကျော်ဝင်ရောက်ခြင်းဖြစ်သည့်အတွက် ထိုဒေသအနီးတွင် အမြင့် ၁၄ မီတာအထိရှိသည့် လှိုင်းလုံးကြီးများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သော ပြီးခဲ့သည့်မုန်တိုင်းငါးလုံးကြောင့် အနည်းဆုံး လူ ၁၆၃ ဦးသေဆုံးထားသည်ဟုသိရသည်။

Ref: AFP




# ရုရှားနှင့်ပဋိပက္ခကို သံတမန်ရေးနည်းလမ်းဖြင့်အဆုံးသတ်လိုဟု ယူကရိန်းပြော

**ကီယက်၊ နိုင်ငံရေး**

ရုရှားနှင့်လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခကို လာမည့်နှစ်အတွင်း သံတမန်ရေးနည်းလမ်းဖြင့် အဆုံးသတ်လိုကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီက နိုဝင်ဘာလ ၁၆ ရက်တွင်ပြောသည်။

အမေရိကန်၌ သမ္မတလောင်းဒေါ်နယ် ထရမ့်က သမ္မတတာဝန်များကို စတင်ထမ်းဆောင်သည်နှင့်တစ်ပြိုင်နက် မကြာမီမှာပင် ထိုပဋိပက္ခများချုပ်ငြိမ်းသွားမည်ဟု မျှော်လင့်ကြောင်း ဇီလန်စကီကပြောပြီး တစ်ရက်အကြာတွင် ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ထို့ပြင် ယင်းကဲ့သို့သံတမန်ရေးနည်းလမ်းဖြင့် ပဋိပက္ခကိုအဆုံးသတ်ခြင်းက အလွန်အရေးကြီးသည်ဟု ယူဆကြောင်း ဇီလန်စကီက ယူကရိန်းရေဒီယိုသတင်းဌာနနှင့်အင်တာဗျူးတွင်ပြောသည်။

လက်ရှိတွင် ရုရှားဘက်ကတောင်းဆိုချက်များကို ယူကရိန်းဘက်က လက်မခံနိုင်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆွေးနွေးနိုင်သည့်အဆင့်အထိပင်မရောက်ဘဲ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ Ref: RTA

## သတင်းတိုကဏ္ဍ

### အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့က BRICS မိတ်ဖက်နိုင်ငံများဖြစ်လာ

အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့သည် BRICS အဖွဲ့၏မိတ်ဖက်နိုင်ငံများ ဖြစ်လာပြီဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာလ ၁၅ ရက်တွင်ကျင်းပသော APEC အဖွဲ့ ကုန်သွယ်ရေးနှင့်နိုင်ငံခြားရေးဝန်ကြီးများ၏အစည်းအဝေးတွင် ကြေညာလိုက်သည်။

ကာဇန်မြို့၌ကျင်းပသော BRICS ထိပ်သီးအစည်းအဝေးသည် ထိုအဖွဲ့အနေဖြင့် ကမ္ဘာ့အစီအစဉ်တစ်ခုကို ဖော်ဆောင်ရန်၊ တစ်ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရန်နှင့် ညီညွတ်မျှတမှုရှိသော စီးပွားဆက်ဆံရေးများထူထောင်ရန်ဟူသောသဘောထားများကို ထင်ဟပ်ပြသခဲ့ပြီးဖြစ်ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အလေးပေးပြောသည်။

BRICS အဖွဲ့၏ မိတ်ဖက်နိုင်ငံများစာရင်းကို ပြီးခဲ့သည့်လတွင် ရုရှားနိုင်ငံ၌ကျင်းပသော ထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။ မိတ်ဖက်နိုင်ငံများစာရင်းကိုမူ သက်ဆိုင်ရာနိုင်ငံများမှ အပြုသဘောဆောင်သော တုံ့ပြန်မှုများရရှိပြီးမှသာထုတ်ပြန်မည်ဟု ရုရှားသမ္မတပူတင်ကပြောထားသည်။ Ref: TVBRICS

### ထရမ့်ကခန့်မည့် အိမ်ဖြူတော်ပြန်ကြားရေးအတွင်းဝန် အမေရိကန်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဖြစ်မည်

အမေရိကန်သမ္မတလောင်း ဒေါ်နယ် ထရမ့်သည် အိမ်ဖြူတော်ပြန်ကြားရေးအတွင်းဝန်အဖြစ် ခန့်အပ်ရန်လျာထားသူသည် အမေရိကန်သမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးပြန်ကြားရေးအတွင်းဝန်ဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

ထရမ့်သည် ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးတွင် ၎င်း၏အသင်းအတွက်ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကာရိုလင်းလီဗစ်ကို အိမ်ဖြူတော်ပြန်ကြားရေးအတွင်းဝန်အဖြစ်ခန့်အပ်ရန် လျာထားသည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။

ကာရိုလင်းလီဗစ်သည် အသက်၂၇ နှစ်သာရှိသေးသော်လည်း မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် စွမ်းဆောင်ရည်ကောင်းများကို ထုတ်ဖော်ပြသထားနိုင်သည့်အတွက် ယခုကဲ့သို့ပြန်ကြားရေးအတွင်းဝန်အဖြစ်ခန့်အပ်ရန် လျာထားခြင်းဖြစ်ကြောင်း ထရမ့်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

Ref: RT

### အိန္ဒိယရှိ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်၌ မီးလောင်မှုဖြစ်ပွား၊ ကလေးငယ် ၁၀ ဦးသေဆုံး

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဆေးဝါးကောလိပ်တစ်ခုရှိ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်၌ မီးလောင်မှုဖြစ်ပွားရာ မွေးကင်းစကလေးငယ် ၁၀ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၁၆ ရက်တွင်အတည်ပြုထုတ်ပြန်ထားသည်။

အဆိုပါမီးလောင်မှုသည် နိုဝင်ဘာလ ၁၅ ရက် ဒေသစံတော်ချိန်ည ၁၀ နာရီ ၄၅ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုမှာအလွန်ပြင်းထန်ကြောင်း တာဝန်ရှိသူများကဆက်ပြောသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသည် နိုင်ငံမြောက်ပိုင်း အွတ်တာပရာဒေ့ရှ်ပြည်နယ် ဂျန်ဆီခရိုင်ရှိ မဟာရာနီလက်ရှမီးဘိုင်ဆေးကောလိပ်၏ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်၌ဖြစ်သည်။

ယင်းကဲ့သို့မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေသည့် ကလေးစုစုပေါင်း အယောက် ၇၀ နီးပါးရှိကြောင်း တာဝန်ရှိသူများကပြောသည်။ မီးလောင်ရသည့်အကြောင်းရင်းကိုမူ မသိရသေးကြောင်းသိရသည်။ Ref: Xinhua

### ဩစတြေးလျ၌ အပေါ့စားလေယာဉ်တစ်စင်းပျက်ကျ လိုက်ပါလာသူအားလုံးသေဆုံး


ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်အရှေ့ပိုင်း၌ အပေါ့စားလေယာဉ်ငယ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

လေယာဉ်ပျက်ကျမှုသည် နိုဝင်ဘာလ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် တီနန်ဘာဝက်ဒေသရှိ ပေးဖီး-အပ်ပါး မက်ဖရာလမ်းမအနီးရှိ မြင်းခြံတစ်ခုအတွင်းသို့ ပျက်ကျခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် မပျက်ကျမီတွင် ထိုနေရာတစ်ဝိုက်၌ တဝဲလည်လည်ဖြစ်နေကြောင်းနှင့် ထို့နောက်ပျက်ကျကာ မီးလောင်သွားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

လေယာဉ်ပေါ်တွင်လိုက်ပါလာသူများမှာ လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်နှစ်ဦးတို့ဖြစ်ပြီး အခင်းဖြစ်ရာနေရာမှာပင် သေဆုံးသွားခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့မည်သူမည်ဝါဖြစ်သည်ကို မဖော်ထုတ်ရသေးကြောင်းသိရသည်။ Ref: Xinhua

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၁၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၉၆၂၆၉)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၈၅၀၀၀)ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၁၂၆၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၁၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ညောင်လေးပင်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီးနှင့် Kia Bongo (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ယာဉ်အပိုပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်(၉၃၀၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ(၁ ဒသမ ၃၀၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၁၇၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၆၈၆၁၇၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **နိုဝင်ဘာလ ၁၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ(၃၅)ပီပါ၊ ဒီဇယ်ဆီပီပါ(၅၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၆၁၇၄၄၅)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၈၆၉ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲဧက ၂၉၃၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ပြည်တွင်းဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ ဧက ၂၉၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၈၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီစေဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ မြေပဲစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ဆင်းပဒေသာ-၁၁ မြေပဲမျိုးများကိုသာ အဓိကစိုက်ပျိုးကြကြောင်း၊ အရည်အသွေးကောင်းသောသီးနှံများ ထွက်ရှိစေရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုတတ်စေရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို



တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၆၆၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၆၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားနည်း ၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

နေပြည်တော်တွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားနည်း ၂၄ နည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှသိရသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို ကျင်းပခဲ့ပြီး ထူးချွန်တဲ့ ကစားသမားတွေကိုရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်နေပါတယ်။ အားကစားနည်း ၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အားကစားနည်းအားလုံး ဆုရရှိဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အဆင့် (၁)နဲ့ပေးတဲ့ဆုတံဆိပ်သုံးပုံတစ်ပုံမျှော်မှန်းထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဆုတံဆိပ်များရရှိရန် အားကစားနည်း ၂၄ နည်းကို ၁၅ နေရာခွဲ၍ နေ့စဉ် စနေနှင့် တနင်္ဂနွေမှလွဲ၍ ပုံမှန်လေ့ကျင့်လျက်ရှိကြောင်းနှင့် ပြိုင်ပွဲတွင် အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား စုစုပေါင်း ၆၂၀ ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ယခုအခါ မြန်မာ့အားကစားအဆင့်အတန်းပြန်လည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်းထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆုတံဆိပ် ၂၀၀ ကျော်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

● **ကျောဖုံးမှအဆက်**

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းက နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဖိလစ်ပိုင်အသင်းက တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာလ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ ဗီယက်နမ်အသင်း၊ ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် အုပ်စုပတ်လည်စနစ်ဖြင့် ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် နိုဝင်ဘာလ ၁၇ ရက်**(ယနေ့)** မြန်မာစံတော်ချိန်မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

(၃၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် နေပြည်တော်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚င | / | ၃၂˚င |
| ရန်ကုန် | ၂၂˚င | / | ၃၅˚င |
| မန္တလေး | ၁၈˚င | / | ၃၂˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

■ **အမျိုးသားအလွတ်တန်းဖိတ်ခေါ်မှု**

ရန်ကုန်မြို့ရှိကန်ရိပ်သာလမ်း၌ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီမှ သိရသည်။

ပြိုင်ပွဲအား နံနက် ၆ နာရီတွင် ကန်ရိပ်သာလမ်း တင့်ကားကုန်းဝင်ပေါက်ရှေ့မှ တာလွှတ်မည်ဖြစ်ပြီး ယင်းနေရာသို့ ပြန်လည်ပန်းဝင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲအကွာအဝေးအနေဖြင့် ကန်တော်ကြီး ၅ ပတ်ဖြစ်ပြီး ပြိုင်ပွဲဝင်သူများသည် Tyre Size 1.95 ထက်မသေးရ၊ ရှေ့ရှော့ဘားပါရှိရမည်၊ ပြိုင်ဘီးလက်ကိုင်များ တပ်ဆင်ခွင့်မပြု၊ 700 C mountain များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း သတ်မှတ်ထားသည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်းခွဲ၊ ပဉ္စမဆု ငွေကျပ်တစ်သိန်းနှင့် အမှတ်စဉ်(၆)မှ(၁၀)အထိ ပန်းဝင်သူများအား ငွေကျပ်ငါးသောင်းဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဖုန်း ၀၉-၄၃၁၂၉၁၇၇၊ ၀၉-၄၂၀၁၆၃၃၄၈ နှင့် ၀၉-၉၅၂၇၀၈၈၇၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး စက်ဘီးအဖွဲ့ချုပ်ရုံး၌ နံပါတ်ပြားထုတ်ယူကြရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီမှ သိရသည်။

**ဝန်းရံခ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က လေဗာကူဆင်အသင်းနည်းပြအလွန်ဆိုနှင့် ဖလိုရီယန်ဝက်ဇ်တို့ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ




မက်ဒရစ် နိုဝင်ဘာ ၁၆

ဥရောပထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းမှ နည်းပြအလွန်ဆိုနှင့် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်တို့ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီအကုန်တွင် လက်ရှိနည်းပြ အန်ဆယ်လော့တီနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲမည်ဖြစ်သည့်အတွက် နည်းပြသစ်အဖြစ် အလွန်ဆိုကို ခန့်အပ်လိုပြီး အသင်းကွင်းလယ်ပိုင်းတွင်လည်း ချူအာမန်ဒီကို ရောင်းချမည်ဖြစ်သည့်အတွက် နည်းပြအလွန်ဆိုအပြင် ဖလိုရီယန်ဝက်ဇ်ကိုပါ ခေါ်ယူလိုခြင်းဖြစ်သည်။

အလားတူ မန်စီးတီးအသင်းသည်လည်း လက်ရှိနည်းပြဂွါဒီယိုလာနှင့် ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးသည့်အတွက် ရာသီအကုန်တွင် နည်းပြ ဂွါဒီယိုလာနှင့်လမ်းခွဲမည်ဆိုပါက နည်းပြသစ်အဖြစ် အလွန်ဆိုကို ဦးစားပေးခန့်အပ်လိုခြင်းဖြစ်သည်။

ထို့အတူ မန်စီးတီးအသင်း ကွင်းလယ်ပိုင်းတွင်လည်း ယခုဘောလုံးရာသီအကုန်တွင် ဒီဘရိုင်းအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည်ဖြစ်သည့်အပြင် နောက်ထပ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဘာနာဒိုဆေးလ်ဗားမှာလည်း အနာဂတ်မရေမရာဖြစ်နေသည့်အတွက် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်နှင့် အစားထိုးလိုခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် လေဗာကူဆင်အသင်းကို ရှုံးပွဲမရှိဘဲ ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ဖလိုရီယန်ဝက်ဇ်သည်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က နည်းပြအလွန်ဆိုအပြင် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကိုပါခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Goal.com*

# ပေါ့ဂ်ဘာနှင့်ဂျူဗင်တပ်စ်အသင်းတို့ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်သဘောတူညီမှုရရှိ

ရောမ နိုဝင်ဘာ ၁၆

ပေါ့ဂ်ဘာအနေဖြင့် ဂျူဗင်တပ်စ်အသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်သဘောတူညီမှုရရှိခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်လာခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ဂျူဗင်တပ်စ်အသင်းသို့ ဒုတိယအကြိမ်ပြန်လည်ပြောင်းရွှေ့ကစားခဲ့သော်လည်း ပွဲစဉ်အနည်းငယ်သာကစားခဲ့ရပြီး ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရသကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း တားမြစ်ဆေးသုံးစွဲသည့်အတွက် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း အယူခံတင်သွင်းခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး ၁၈ လသာ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

ပေါ့ဂ်ဘာသည် လာမည့်ဇန်နဝါရီလတွင် ပွဲပယ်ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရရှိပြီး ဘောလုံးပြန်လည်ကစားနိုင်မည်ဖြစ်သော်လည်း ဂျူဗင်တပ်စ်အသင်းတွင် မကစားလိုတော့သည့်အတွက် ယခုဘောလုံးရာသီအကုန်တွင်ကုန်ဆုံးမည့် စာချုပ်ဖျက်သိမ်းရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ယခုအခါ စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရရှိခဲ့သည့်အတွက် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပိုလန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူပြီးနောက် တိုက်စစ်မှူးစီရော်နယ်ဒို၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုးအရေအတွက်မှာ ၉၁၀ အထိရှိလာ

စပို့တင်းလစ္စဘွန်း နိုဝင်ဘာ ၁၆

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ်ကစားသည့် ပေါ်တူဂီအသင်းနှင့် ပိုလန်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သက်တမ်းတစ်လျှောက် သွင်းဂိုးအရေအတွက်မှာ ၉၁၀ အထိရှိလာခဲ့ကြောင်း သိရသည်။

ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ကစားသည့် ပေါ်တူဂီအသင်းက ပိုလန်အသင်းကို ၅ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲချိန် ၇၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၇ မိနစ်တွင် လုပသည့်နောက်ပြန်ကန်ချက် (Bicycle Kick) ဖြင့် ဒုတိယမြောက်ဂိုးသွင်းယူနိုင်ပြီးနောက် သွင်းဂိုးအရေအတွက်မှာ ၉၁၀ အထိရှိလာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ သွင်းဂိုး ၅ဂိုး၊ မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၁၄၅ ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ သွင်းဂိုး ၄၅၀၊ ဂျူဗင်တပ်စ်အသင်းနှင့်အတူ ၁၀၁ ဂိုး၊ အယ်နာဆာအသင်းနှင့်အတူ သွင်းဂိုး ၇၄ ဂိုးနှင့် ပေါ်တူဂီအသင်းနှင့်အတူ သွင်းဂိုး ၁၃၅ ဂိုး စုစုပေါင်းသွင်းဂိုး ၉၁၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်အရွယ် စီရော်နယ်ဒိုသည် ပိုလန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးသွင်းယူပြီးနောက် နိုင်ငံလက်ရွေးစင်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့် အသက်အကြီးဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ပိုမိုနီးစပ်လာခဲ့ကြောင်း သိရသည်။

*Ref;Opta*

# ဘဏ္ဍာရေးအကျပ်အတည်းနှင့် ကြွေးမြီပြဿနာများကြောင့် လိုင်ယွန်အသင်း ယာယီတန်းဆင်းပြစ်ဒဏ်ချမှတ်ခံရ

ပဲရစ် နိုဝင်ဘာ ၁၆

ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လိုင်ယွန်အသင်းကို ဘဏ္ဍာရေးအကျပ်အတည်းနှင့် အသင်း၏ကြွေးမြီပြဿနာများကြောင့် ယာယီတန်းဆင်းပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

လိုင်ယွန်အသင်းသည် နောက်ပိုင်းနှစ်များတွင် အသင်းဘဏ္ဍာရေးအကျပ်အတည်းများနှင့် တွေ့ကြုံနေရပြီး အသင်းဝင်ငွေ၊ ထွက်ငွေနှင့်မညီမျှခြင်း၊ ကြွေးမြီပြဿနာများ ဖြေရှင်းနိုင်ခြင်းမရှိခြင်းများကြောင့် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ယာယီတန်းဆင်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းအနေဖြင့် ယာယီတန်းဆင်းပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း ချက်ချင်း ပြင်သစ်လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းရမည်မဟုတ်ဘဲ ယခုဘောလုံးရာသီကုန်အထိ ဘဏ္ဍာရေးအကျပ်အတည်းနှင့် အသင်း၏ကြွေးမြီပြဿနာများကို ဖြေရှင်းနိုင်ရန် အချိန်ရရှိမည်ဖြစ်ပြီး ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဘဏ္ဍာရေးအကျပ်အတည်းနှင့် အသင်း၏ကြွေးမြီပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိပါက ပြင်သစ်လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းရမည်ဖြစ်သည့်အပြင် အပြောင်းအရွှေ့ကာလများတွင်လည်း ကစားသမားခေါ်ယူခွင့်များကိုပါ ပိတ်ပင်ခံရမည်ဖြစ်သည်။

ပြင်သစ်လီဂူးပြိုင်ပွဲတွင် ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ဖူးပြီး ထိပ်တန်းကစားသမားများကိုမွေးထုတ်ပေးနိုင်ခဲ့သည့် လိုင်ယွန်အသင်းအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းနှင့် အသင်း၏ကြွေးမြီပြဿနာများကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ထိုင်းနိုင်ငံ၌ကျင်းပမည့် ပိုးထည်ပြပွဲတွင် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်ထား

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံ Khon Kaen ခရိုင်ရှိ Khon Kaen Provincial Hall ၌ နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိ ကျင်းပမည့် KHONKAEN World Silk and Craft Festival 2024 တွင် မြန်မာနိုင်ငံမှ ပိုးထည်လုပ်ငန်းရှင်များအား ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ထိုင်းနိုင်ငံ၌ အဆိုပါပြပွဲကို ၁၉၇၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ပိုးထည်များ ဆင်ယင်အသုံးပြုမှုနှင့်ပတ်သက်သော လူနေထိုင်မှုပုံစံ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးနိုင်ရန်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံ Khon Kaen ခရိုင်မှ ထုတ်လုပ်သည့် ပိုးထည်နှင့် ဝါဂွမ်းထုတ်ကုန်များကို အမျိုးအစားစုံလင်စွာ ပါဝင်ပြသမည့်အပြင် တခြားပြည်ပနိုင်ငံများမှလည်း ပိုးထည်ယဉ်ကျေးမှုများ မျှဝေနိုင်ရေးအတွက် ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။ မဲခေါင်ဒေသခွဲနိုင်ငံများမှ ပါဝင်ပြသမည့် နိုင်ငံတစ်နိုင်ငံစီအတွက် ပြခန်းနှစ်ခန်းစီ အခမဲ့ပံ့ပိုးပေးမည်ဖြစ်ပြီး တည်းခိုစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် တခြားသော ကုန်ကျစရိတ်များကို လုပ်ငန်းရှင်များက ကျခံရမည်ဖြစ်သည်။

အဆိုပါပိုးထည်ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မိမိတို့နိုင်ငံမှ ပိုးထည်ထုတ်ကုန်များကို မဲခေါင်ဒေသခွဲနိုင်ငံများအပါအဝင် တခြားပြည်ပနိုင်ငံများသို့ မိတ်ဆက်ရောင်းချနိုင်မည့်အပြင် ယင်းပြပွဲတွင် ပါဝင်ပြသသော ကုန်ပစ္စည်းများကိုလည်း လေ့လာနိုင်ကာ အနာဂတ်စီးပွားရေးလမ်းကြောင်းများအတွက် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇ - ၄၀၈၆၂၂ နှင့် event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့၌ Grade-11 နှင့် Grade-12 ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**မြိတ် နိုဝင်ဘာ ၁၆**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ Grade-11 နှင့် Grade- 12 ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို နိုဝင်ဘာလ ၁၆ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို Grade-11 နှင့် Grade-12 တွင် သင်ကြားပို့ချနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် ဥပဒေပညာရပ်များကို သိရှိနားလည်ပြီး ဆရာ၊ ဆရာမများ၏ မှန်ကန်သောနည်းလမ်းပြသမှုဖြင့် ကျောင်းသားလူငယ်များ ဥပဒေစည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာကျင့်သုံးတတ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေများကို မြိတ်ခရိုင် ဥပဒေအရာရှိ ဦးအေးမင်းနှင့် ခရိုင်/ မြို့နယ် ဥပဒေအရာရှိများက ဆွေးနွေးသင်ကြားပို့ချခြင်းဖြစ်သည်။

သင်တန်းကို ဆရာ၊ ဆရာမ ၅၆ ဦး တက်ရောက်ကြပြီး နိုဝင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၁၄၀ ဒသမ ၀၅ ဘီလီယံ ထုတ်ချေးပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကုန်အထိ စုစုပေါင်းငွေကျပ် ၁၄၀ ဒသမ ၀၅ ဘီလီယံ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ သိရသည်။

အဆိုပါ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ယခုနှစ် အောက်တိုဘာလကုန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ၄၀ တွင် ငွေကျပ် ၃၁၂ သန်းကျော်ကို ထုတ်ချေးပေးထားပြီဖြစ်ကြောင်း၊ ယင်းသို့ ထုတ်ချေးပေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းနှင့် တခြားသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးခြင်းဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်/မြို့နယ် ဘဏ်ခွဲပေါင်း ၁၇၂ ခုမှ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၈၇၁ အုပ်စုရှိ တောင်သူပေါင်း ၅၀၅၈၄၃ ဦးအတွက် ချေးငွေ ငွေကျပ် ၄၈၉ ဒသမ ၃၂ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ထုတ်ချေးပေးသော ချေးငွေများအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းသာကောက်ခံပြီး တောင်သူများအနေဖြင့် ရာသီအလိုက် ချေးငွေများရယူကာ သတ်မှတ်ကာလအတွင်း ပုံမှန်ပြန်လည်ပေးဆပ်ပါက နောက်ရာသီအတွက် ချေးငွေအသစ်များကို အလွယ်တကူထပ်မံလျှောက်ထားရရှိနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

# မော်ဘီမြို့နယ် သရက်သုံးပင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၆**


သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဝါးပတောကျေးရွာအုပ်စု သရက်သုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၁၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မှော်ဘီမြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ သရက်သုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည် ပေ ၆၂၀၊ အကျယ် ၈ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## မိုးလေဝသ သတင်း




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
COPPER 99.99%


MWD
မီဒီယာစင်တာ
Theatre
Function Hall
Ball Room
Media Training
Meeting Room
ရရှိနိုင်သောဝန်ဆောင်မှုများ
မီဒီယာ / ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများအသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့် ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

**❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့သရေရလဒ်ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၁၆




ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပထမပိုင်းတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးလိုအပ်နေသည့်

စာမျက်နှာ ၂၆ ကော်လံ ၁ ●

---

## ရောင်စုံပျံ့သင်းစာပန်းခင်း

စာ - ၁၁ သို့

ရသစုံစာစု **တန်ဆောင်ည လသာသာ**
သက်ဦးခင်

--------------------------------

မြန်မာမလေးသို့
**မြတ်နိုးတန်ဖိုးထားစွာကျေးဇူးပြုပါ**
ခင်လေး(ပြည်ထောင်စုနယ်မြေ)

--------------------------------

ရယ်စေပြုံးစေ **မိန်းမက နိုင်သွားလို့** ဖိုးပြုံးချို

---

# အမျိုးသားအလွတ်တန်းဖိတ်ခေါ်(MOUNTAIN BIKE)စက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီနှင့် PARAMI GAS တို့ပူးပေါင်းကျင်းပမည့် အမျိုးသားအလွတ်တန်းဖိတ်ခေါ်(MOUNTAIN BIKE) စက်ဘီးပြိုင်ပွဲကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင်

စာမျက်နှာ ၂၆ ကော်လံ ၄ ■



---

## နိုင်ငံတကာသတင်း

**ဩစတြေးလျ၌ အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျ လိုက်ပါလာသူအားလုံးသေဆုံး**

စာ - ၂၃ သို့

**အိန္ဒိယရှိ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်၌ မီးလောင်မှုဖြစ်ပွား၊ ကလေးငယ် ၁၀ ဦးသေဆုံး**

စာ - ၂၃ သို့

**ဖိလစ်ပိုင်သို့ မုန်တိုင်းမန်းယီ စတင်ဝင်ရောက်၊ ပြည်သူများကို ရွှေ့ပြောင်းထား**

စာ - ၂၃ သို့

